ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၈ရက်၊ တနင်္ဂနွေနေ့ (7-8-2011) (၆၇၄၄)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ကမ္ဘာ့ရာသီဥတုနှင့် မိမိတို့၏ရာသီဥတုကို လေ့လာသုံးသပ်ပြီး ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကြိုတင်စဉ်းစားပြင်ဆင် ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့ စသည့်လုပ်ငန်းစဉ်များ ဆုံးရှုံးမှုမရှိအောင် ကြိုတင်ဆောင်ရွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကယ်ဆယ်ရေးပစ္စည်းများ၊ သီးနှံအရန်မျိုးများ၊ ရိတ်သိမ်းခြွေလှေ့စက်များ ဆောင်ထားရန်လို

မိမိတို့တွင် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ အတွေ့အကြုံများရှိပြီးဖြစ်၍ ကြိုတင်ကာကွယ်မှုများ အလေးထားဆောင်ရွက်

တွေ့ဆုံ မှာကြား

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမဆောင်၌ မွန်ပြည်နယ် ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။

(သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် ဩဂုတ် ၅ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရဟတ်ယာဉ်ဖြင့် ထွက်ခွာခဲ့ရာ နံနက် ၉ နာရီခွဲတွင် မော်လမြိုင်မြို့သို့ ရောက်ရှိသည်။

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦးနှင့် အဖွဲ့ဝင်များအား မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယသမ္မတအား မွန်ပြည်နယ် အစိုးရအဖွဲ့ရုံး အောင်ဆန်းခန်းမဆောင်၌ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က မွန်ပြည်နယ်အတွင်း ရေဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်းကို ရှင်းလင်းတင်ပြရာတွင် မွန်ပြည်နယ်အတွင်းရှိ ကျိုက်ထိုမြို့နယ်၊ ပေါင်မြို့နယ်၊ သံဖြူဇရပ်မြို့နယ်၊ ရေးမြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့ရှိ အချို့ဒေသများ၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် မြစ်ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းများကြောင့် ပျက်စီးမှုအနည်းအကျဉ်း ဖြစ်ပေါ်ခဲ့ပါကြောင်း၊ မွန်ပြည်နယ်အစိုးရအနေဖြင့် မြစ်ရေကြီးနိုင်သည့် အလားအလာများကို တွက်ဆ၍ ကြိုတင်ကာကွယ်မှုများကို ဆောင်ရွက်ထားခဲ့သည့်အပြင် ယခုရေကြီးမှုကြောင့် ပျက်စီးမှုရှိသည့် နေရာများကိုလည်း မိမိတို့ပြည်နယ်ဝန်ကြီးများ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကပါ အချိန်မီသွားရောက်၍ ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြပါကြောင်း၊ မွန်ပြည်နယ်တွင် မြစ်ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့ကြောင့် အသက်ဆုံးရှုံးမှုများမရှိပါကြောင်းဖြင့် ပဏာမ ရှင်းလင်းတင်ပြပြီးနောက် မွန်ပြည်နယ်အတွင်း မြစ်ရေကြီးခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်းတို့ကြောင့် ပျက်စီးမှုအခြေအနေ၊ ပြန်လည်တည်ထောင်ထားရှိမှု၊ စိုက်ပျိုးရေးလုပ်ငန်းများ အချိန်မီ ပြန်လည်ဆောင်ရွက်နိုင်ရန် ပံ့ပိုးကူညီပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ○

ဒုတိယသမ္မတ သီဟသူရဦးတင်အောင်မြင့်ဦး မော်လမြိုင်မြို့ရှိ ယဉ်ကျေးမှုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

၇ - ၈ - ၂၀၁၁
(တနင်္ဂနွေနေ့)

ရော်ဘာတိုးချဲ့စိုက်ပျိုး ထုတ်လုပ်တင်ပို့

မုတ်သုံမိုးဦးကောင်းသဖြင့် နေရာဒေသအနှံ့အပြား မိုးထစ်ချုန်းရွာသွန်းလျက်ရှိရာ ရော်ဘာစိုက်ပျိုးမြေများ အစိုဓာတ်ပိုမိုရရှိ အောင်မြင်ဖြစ်ထွန်းနေသည်။ တစ်နိုင်ငံလုံးတွင် ရော်ဘာစိုက်ဧက အများဆုံးကို မွန်ပြည်နယ်၊ ဒုတိယအများဆုံးကို တနင်္သာရီတိုင်းဒေသကြီးနှင့် တတိယအများဆုံးကို ကရင်ပြည်နယ်တွင် တွေ့ရှိရသည်။

မွန်ပြည်နယ်တွင် ရော်ဘာစိုက်ပျိုးဖြစ်ထွန်းသော သဘာဝအခြေအနေကောင်းများရှိသည်။ ရေမြေ ရာသီဥတု ကောင်းမွန်မှုကြောင့် ရော်ဘာအများဆုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ စိုက်ဧက လေးသိန်းကျော်ရှိသည်။ ရော်ဘာစိုက်ခင်းများတွင် အစေးလှီးနိုင်သည့် ရော်ဘာဧက နှစ်သိန်းခွဲခန့်ရှိပြီး တစ်ဧကအထွက်နှုန်း ပေါင်ခြောက်ရာကျော်ရှိကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် စိုက်ပျိုးနိုင်သည့် မြေဧရိယာကျယ်ပြန့်ခြင်း၊ သင့်လျော်သည့်ရာသီဥတု ရရှိခြင်းတို့ကြောင့် ရော်ဘာစိုက်ဧက တစ်သိန်းခွဲကျော်ရှိသည်။ နှစ်ရှည်ပင် အသုံးချသုတေသနမှ အထွက်နှုန်းကောင်း ရော်ဘာ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးလျက်ရှိသည်။ နှစ်စဉ် ဧကနှစ်ထောင်ကျော် တိုးချဲ့စိုက်ပျိုးနိုင်ရေး လျာထားဆောင်ရွက်လျက်ရှိသည်။

မြန်မာ့ရော်ဘာကုန်ကြမ်းများ ဈေးကွက်သို့ တင်ပို့ရာတွင် အရည်အသွေးမီ ထုတ်လုပ်နိုင်ရေး ဂရုပြုကြရမည် ဖြစ်သည်။ အစေးထွက်နှုန်းမြင့်မားရေး နည်းပညာသစ်များ အသုံးပြုနေကြသည်။ ဓာတုဗေဒဆေးမှုန့်အသုံးပြုပြီး အရည်အသွေးမီ ရော်ဘာမှိုင်းခံပြားများ စမ်းသပ်ထုတ်လုပ်လျက်ရှိသည်။ ရော်ဘာပြား ချောမွေ့ပြီး အရောင်လှပသည့်အပြင် စီးပွားရေးအရလည်း တွက်ခြေကိုက်သည်။

ရော်ဘာသည် စက်မှုကုန်ကြမ်း သီးနှံတစ်မျိုးဖြစ်သည်။ စက်မှုကုန်ကြမ်း ရော်ဘာနှင့် ဓာတုဗေဒပစ္စည်းများပေါင်းစပ်ပြီး လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရောင်းချမှု တိုးတက်များပြားလာမှုနှင့်အတူ နိုင်ငံတကာဈေးကွက်တွင် ရော်ဘာရောင်းဝယ်မှု သွက်လက်တွင်ကျယ် ပျံ့နှံ့လာလျက်ရှိသည်။

ရော်ဘာစိုက်ပျိုးသူများအတွက် မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးရေးနည်းပညာများ ကူညီပြသပေးနေပြီ။ တစ်ပိုင်တစ်နိုင် ရော်ဘာစိုက်ပျိုးသူများအတွက် အစုအဖွဲ့များဖွဲ့စည်း၍ စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေး အားပေးကူညီနေကြပြီ။ ရော်ဘာဖြစ်ထွန်းသည့်ဒေသတိုင်းတွင် ရော်ဘာစိုက်ခင်းကြီးများကို တွေ့မြင်နေရပြီ။ စိုက်ပျိုးသူများအားလုံးက ရော်ဘာများ တိုးချဲ့စိုက်ပျိုးကြပြီး အရည်အသွေးမီ အဆင့်မြင့်ရော်ဘာထွက်ကုန်များ ပိုမိုထုတ်လုပ်တင်ပို့နိုင်ခြင်းဖြင့် စိုက်ပျိုးသူတောင်သူများ ဝင်ငွေတိုး အကျိုးဖြစ်ထွန်းမှုများ ပိုမိုရရှိလာနိုင်ကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် (၁၀)ရပ်ကွက် မင်္ဂလာရာမပါဠိတက္ကသိုလ်ကျောင်းတိုက် ဗိုလ်တထောင်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သံဃာ့ဝန်ဆောင် ဘဒ္ဒန္တကဝိဓဇ ဘိုးဘွား၊ မိဘ၊ ဆရာသမား၊ မွေးချင်းများအား ရည်စူး၍ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းသို့ အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ စောင့်ရှောက်ရေးသူနာပြု ဒေါ်မွန်မွန်အောင်နှင့် ဒေါ်ခင်ခင်ယုတို့ လက်ခံစဉ်။ (ကြေးမုံ)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၆-၈-၂၀၁၁

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၂၉. ၈၂၀၀	၀. ၀၃၃၅၃
တရုတ် (ယွမ်)	၆. ၄၄၀၀၀	၀. ၁၅၅၂၈
အိန္ဒိယ (ရူပီး)	၄၄. ၇၃၀၀	၀. ၀၂၂၃၆
မလေးရှား (ရင်းဂစ်)	၃. ၀၀၈၀၀	၀. ၃၃၂၄၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၁၇၀၅	၀. ၈၂၁၆၆
ဂျပန် (ယန်း)	၇၈. ၄၀၅၀	၀. ၀၁၂၇၅
တောင်ကိုရီးယား(ဝမ်)	၁၀၅၈. ၁၅	၀. ၀၀၀၉၅
ယူရို	၀. ၆၉၉၇၉	၁. ၄၂၉၀၀
ဗြိတိသျှ (ပေါင်)	၀. ၆၁၀၀၂	၁. ၆၃၉၃၀

အင်တာနက်။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း နေပြည်တော်သတင်းစာတိုက် ဝန်ထမ်းအိမ်ရာရှိ ကြေးမုံဝန်ထမ်းအိမ်ရာမိသားစုများ စိုက်ပျိုးထားသည့် ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

စိုက်ပျိုးခြင်းမှရရှိသည့် အကျိုးကျေးဇူးများကို ဝန်ထမ်းများ လက်တွေ့ခံစားနေကြရ ပြင်ပမှ ဝယ်ယူစားသောက်ရခြင်းမရှိသည့်အပြင် ပိုလျှံသောသီးနှံများကို ရောင်းချနိုင်

နေပြည်တော် ဩဂုတ် ၆

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းသည် ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဩဂုတ် ၅ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ နေပြည်တော်သတင်းစာတိုက်နှင့် နေပြည်တော် ပုံနှိပ်စက်ရုံတို့ရှိ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ စိုက်ပျိုးထားသည့် ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးစိုးဝင်းသည် နေပြည်တော် သတင်းစာတိုက် ဝန်ထမ်းအိမ်ရာရှိ မြန်မာ့အလင်း ဝန်ထမ်းအိမ်ရာမိသားစုများ စိုက်ပျိုးထားသည့် ကန်စွန်း၊ ချဉ်ပေါင်၊ ရုံးပတီ၊ ငရုတ်၊ ခရမ်း၊ ခရမ်းချဉ်၊ ဒန့်သလွန်၊ တိုင်ထောင်ပဲ၊ ကင်ပွန်းချဉ်၊ ရဲယို၊ ပေါက်ပန်းဖြူ၊ သဘော်၊ သရက်၊ ပြောင်းစိုက်ခင်းများနှင့် ဘူးစင်တို့ကိုလည်းကောင်း၊ ကြေးမုံဝန်ထမ်းအိမ်ရာမိသားစုများ စိုက်ပျိုးထားသည့် နှစ်ရှည်သီးနှံနှင့် ရာသီသီးနှံစိုက်ခင်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးရာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦးက လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် နေပြည်တော်သတင်းစာတိုက်ဝင်းအတွင်း ဝန်ထမ်းများ စိုက်ပျိုးထားသည့် မြန်မာ့သတင်းစဉ်၊ ကြေးမုံ၊ မြန်မာ့အလင်းနှင့် The New Light of Myanmar သတင်းစာတိုက်တို့၏ ရာသီသီးနှံ စိုက်ခင်းနှင့် နှစ်ရှည်သီးနှံ စိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပေါင်းသင်၊ မြေဆွပြုလုပ်နေကြသည့် ဝန်ထမ်းများကို အားပေးစကားပြောကြားသည်။

ဆက်လက်၍ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဝန်ထမ်းများစိုက်ပျိုးထားသည့် အောင်မြင်ဖြစ်ထွန်းနေသော စိန်တစ်လုံးသရက်စိုက်ခင်းနှင့် တစ်အုပ်တစ်မ ရတနာတန်းဝင် ကျွန်းစိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ပုံနှိပ်စက်ရုံဝင်းအတွင်းရှိ ရာသီသီးနှံစိုက်ခင်းနှင့် နှစ်ရှည်သီးနှံစိုက်ခင်း၊ ဝန်ထမ်းများ၏ စိန်တစ်လုံးသရက် စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က လိုက်လံရှင်းလင်းပြသသည်။

နေပြည်တော် သတင်းစာတိုက်နှင့် နေပြည်တော် ပုံနှိပ်စက်ရုံတို့၌ ရတနာတန်းဝင် ကျွန်းပင်၊ ပျဉ်းကတိုး၊မဟော်ဂနီ၊ ရင်းမာပင်များ၊ နှစ်ရှည်ပင်နှင့် အရိပ်ရလေကာပင်များဖြစ်သော စိန်ပန်း၊ စွယ်တော်၊ တမာ၊ပိတောက်၊ငု၊ကုံ့ကော်နှင့် ခရေပင်များ၊နှစ်ရှည်သီးပင် စားပင်များဖြစ်သော ဒန့်သလွန်၊ ဆူးပုပ်၊ ပေါက်ပန်းဖြူ ကင်ပွန်းချဉ်၊ရဲယို၊ရှောက်၊ငှက်ပျော၊ သရက်နှင့် သဘော်ပင်များ၊ ရာသီသီးနှံပင်များဖြစ်သော ကန်စွန်း၊ ချဉ်ပေါင်၊ရုံးပတီ၊ ငရုတ်၊ ခရမ်း၊ ခရမ်းချဉ်၊ ပြောင်း၊ ကြက်ဟင်းခါး၊ မုန်ညင်း၊တိုင်ထောင်ပဲ၊တိုင်လွတ်ပဲ၊ ဘူးနှင့် ဖရုံပင်များကို စိုက်ပျိုးထားသည်။

ဒုတိယဝန်ကြီး ဦးစိုးဝင်းက နေပြည်တော် သတင်းစာတိုက်နှင့် နေပြည်တော် ပုံနှိပ်စက်ရုံဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ ရာသီသီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား မှာကြားရာတွင် စိုက်ပျိုးခြင်းမှရရှိသည့် အကျိုးကျေးဇူးများကို ဝန်ထမ်းများ ယခုလက်တွေ့ခံစားနေကြရပြီဖြစ်ကြောင်း၊ ရာသီသီးနှံများကို ပြင်ပမှ ဝယ်ယူစားသောက်ရခြင်း မရှိတော့သည့်အပြင် ပိုလျှံသောသီးနှံများကို ရောင်းချနိုင်၍ မိသားစုအပိုဝင်ငွေများ ရရှိကြသဖြင့် ဝမ်းမြောက်ပါကြောင်း၊ စိန်တစ်လုံးသရက်ပင်များအပါအဝင် နှစ်ရှည်သီးနှံပင်များ၊ အရိပ်ရလေကာပင်နှင့် ကျွန်းပင်များကို ရှင်သန်အောင် ဆက်လက်ပြုစုထိန်းသိမ်းစောင့်ရှောက်သွားရန် လိုကြောင်းဖြင့် မှာကြားခဲ့သည်။ (သတင်းစဉ်)

မီးငြှိမ်းသတ်သရုပ်ပြ လေ့ကျင့်ပွဲ ကျင်းပ

စစ်ကိုင်း ဩဂုတ် ၆

မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များ ပညာပေးဟောပြောပွဲနှင့် မီးငြှိမ်းသတ်ရေး လက်တွေ့သရုပ်ပြပွဲကို ဇူလိုင် ၇ ရက် ညနေပိုင်းတွင် စစ်ကိုင်း-မုံရွာ-ရွှေဘိုသွားကားလမ်းဘေးရှိ သန်းကုဋ္ဌေအောင် စက်သုံးဆီအရောင်းဆိုင်ရှေ့၌ ပြုလုပ်ရာ စစ်ကိုင်းခရိုင် မီးသတ်ဦးစီးအရာရှိ ဦးစောလွင်မြင့်၊ သန်းကုဋ္ဌေအောင်စက်သုံးဆီဆိုင် မန်နေဂျာ ဦးမောင်မောင်လွင်နှင့် ဆိုင်ဝန်ထမ်း ၃၀ တို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်မီးသတ်ဦးစီးအရာရှိက မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့် သိမှတ်စရာများကို ပညာပေးဆွေးနွေးပြီး မီးလောင်မှုဖြစ်ပွားပါက မီးငြှိမ်းသတ်နည်းများကို လက်တွေ့သရုပ်ပြသသည်။ ဆိုင်ဝန်ထမ်းများက လက်တွေ့မီးငြှိမ်းသတ်ခြင်းကို ကိုယ်တိုင်လေ့ကျင့်ငြှိမ်းသတ်ကြသည်။

(၂၂၅)

တောင်ကုတ်မြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် ဩဂုတ် ၆

တောင်ကုတ် မြို့နယ်အသင်း (ရန်ကုန်)၏ (၁၇)ကြိမ်မြောက်နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ စုပေါင်းလှူဒါန်းခြင်း၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲများကို ဇူလိုင် ၃၁ ရက်က ကျင်းပသည်။ သင်းလုံးကျွတ်အစည်းအဝေးကျင်းပရာတွင် အမှုဆောင်ဟောင်းများနုတ်ထွက်ကာ နာယက ၁၂ ဦး၊ ဥက္ကဋ္ဌတစ်ဦး၊ ဒုတိယဥက္ကဋ္ဌ နှစ်ဦး၊ အတွင်းရေးမှူးသုံးဦး အပါအဝင် အလုပ်အမှုဆောင်အဖွဲ့ဝင် ၂၈ ဦးအား ပြန်လည်ရွေးချယ်လိုက်ပြီး အသင်းတိုက် ဆောက်လုပ်ဝယ်ယူရန်အတွက် အထက(၅) မြောက်ဥက္ကလာမှ ကျောင်းအုပ်ဆရာကြီး ဦးသန်းရွှေ ဒေါ်အေးအေးရီမိသားစုက အလှူငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းရာ နာယက ဒေါက်တာအောင်သန်းထွန်း၊ ဦးစံတင်၊ ဥက္ကဋ္ဌ ဦးထွန်းသိန်း၊ ဒုတိယဥက္ကဋ္ဌ ဦးအောင်သာထွန်းနှင့် အလုပ်အမှုဆောင်အဖွဲ့မှ လက်ခံကြောင်း သိရသည်။**(ဝဲပုံ)**

(ကြေးမုံ)

စပါးကို တစ်ကေချင်းမှစ၍ စနစ်တကျ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ဆောင်ရွက် မိမိဒေသ၌ ဖြစ်ထွန်းအောင်မြင်သော အထူးအထွက်တိုးမျိုးကို ရွေးချယ်ပြီး မျိုးသန့်ဇုန်အဖြစ်စိုက်ပျိုး

နေပြည်တော် ဩဂုတ် ၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သမဝါယမဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တို့သည် ယနေ့နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုးစံပြစိုက်ခင်းဧက ၃၀ ၌ ရခိုင်ပြည်နယ် စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီး ဦးကျော်သိန်း ဦးဆောင်သော စစ်တွေခရိုင်မှ တောင်သူလယ်သမား ၂၀ နှင့် သံတွဲခရိုင်မှ တောင်သူလယ်သမား ၃၂ ဦး စုစုပေါင်း လေ့လာရေး တောင်သူလယ်သမား ၅၂ ဦးတို့အား စံနမူနာပြစိုက်ပျိုးထားရှိသော အထူးအထွက်တိုး စပါးခင်းနှင့် အထူးအထွက်တိုး ရေဆင်း(၁) နေကြာစိုက်ခင်းများကို ကိုယ်တိုင်ကိုယ်ကျ တရင်းတနှီးရှင်းလင်းပြသကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က လယ်ယာကဏ္ဍ အောင်မြင်စေရန် လုပ်ငန်းရှင်များ၊ ပညာရှင် နိုင်ငံ့ဝန်ထမ်းများ၊ တောင်သူများ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စပါးကို တစ်ကေချင်းမှစ၍ စနစ်တကျ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ တောင်သူလယ်သမားများအနေဖြင့် တစ်ယောက်တစ်မျိုး၊ မျိုးကွဲမျိုးစုံ ပြန့်ကြဲစိုက်ပျိုးကြမည့်အစား မိမိဒေသ၌ ဖြစ်ထွန်းအောင်မြင်သော အထူးအထွက်တိုး မျိုးကောင်းမျိုးသန့်တစ်မျိုးတည်းကိုသာ ရွေးချယ်ပြီး မျိုးသန့်ဇုန်အဖြစ် စိုက်ပျိုးကြရန်နှင့် အထွက်ကောင်းပြီး ဆန်စပါး အရည်အသွေးကောင်းကို မျိုးအဖြစ် ရွေးချယ်စိုက်ပျိုးကြရန်ဖြစ်ကြောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးရန်တာဝန်၊ သိပ္ပံနည်းကျ စိုက်ပျိုးနိုင်ရေး နည်းပညာပေးရန် တာဝန်များ ဆောင်ရွက်လျက်ရှိရာ တောင်သူများ လက်တွေ့ပူးပေါင်း ကြိုးစားဆောင်ရွက်ပါက လယ်ယာကဏ္ဍတစ်ခုလုံး တိုးတက်မည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က ရခိုင်ပြည်နယ်မှ လေ့လာရေး တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်အရင်းအနှီးရရှိရေးအတွက် ကူညီဆောင်ရွက်ပေးမည့် အသေးစားငွေစု ငွေချေးအသင်းအဖွဲ့များ ဖွဲ့စည်းလျက် ပံ့ပိုးပေးမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

လေ့လာရေး အဖွဲ့ဝင်များသည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာရှိ အကျိုးဆောင်တောင်သူ ဦးဇေယျာထွန်းညို၏ သိပ္ပံနည်းကျ အထူးအထွက်တိုး စပါးစိုက်ခင်း ဧက ၄၀ တွင် သက်တမ်းရက် ၅၀ ခန့်ရှိ စပါးပင်များ၏ ပင်ပွားများ ဖြစ်ထွန်းအောင်မြင်နေမှု၊ သိပ္ပံနည်းကျ (၁၄)ချက်ဖြင့် ဆောင်ရွက်နေမှုများကို လည်းကောင်း၊ ကျီအင်းကျေးရွာအနီး၌ စံနမူနာပြစိုက်ပျိုးထားသော တစ်ဧက ပျမ်းမျှ တန် ၆၀ အထက် ထွက်ရှိနိုင်မည့် ကြံအထူးအထွက်တိုး ၁၀ ဧက စိုက်ခင်းကို လည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေး သုတေသနဦးစီးဌာန၌ အထူးအထွက်တိုး စပါးခင်းများ သုတေသနပြု ဆောင်ရွက်ထားရှိမှုနှင့် ဓာတ်ခွဲခန်းများ၊ သုတေသန ပြခန်းပြကွက်များကို လည်းကောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ မျိုးစေ့ဘဏ်၌ ခေတ်မီအအေးပေးနည်းစနစ်ဖြင့် မျိုးကောင်း၊ မျိုးသန့်၊ မျိုးစေ့များကို မူလဗီဇမပျက် သိုလှောင်ထိန်းသိမ်းထားရှိမှုများကိုလည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် ကျီအင်းကျေးရွာ မျိုးသန့် မျိုးပွား ၁၀ ဧက စိုက်ခင်းကို လည်းကောင်း လှည့်လည်ကြည့်ရှု လေ့လာခဲ့ကြသည်။

(သတင်းစဉ်)

ရှင်းလင်းဆွေးနွေး

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်ရှိ အထူးအထွက်တိုး စံပြစိုက်ခင်းဧက ၃၀ ၌ စစ်တွေခရိုင်နှင့် သံတွဲခရိုင်တို့မှ တောင်သူလယ်သမားများအား ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

ကြံခင်းမြို့နယ် မိုးစပါးစိုက်တောင်သူများအတွက် တစ်ကေလျှင် ကျပ် ၃၀၀၀၀ နှုန်း ပံ့ပိုး ရိတ်သိမ်းချိန်ကာလများ၌ စက်၊ သိုလှောင်ရုံများ ထပ်မံပံ့ပိုးမည့်အစီအစဉ်ရှိ

နေပြည်တော် ဩဂုတ် ၆

ဧရာကြံခင်း ဆန်စပါးအထူးပြုကုမ္ပဏီ၏ ၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါးစိုက်ပျိုးမည့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်ပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၅ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့ ဧရာဦးခန်းမ၌ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တက်ရောက်၍ အမှာစကားပြောကြားရာတွင် ဧရာကြံခင်း ဆန်စပါးအထူးပြု ကုမ္ပဏီသည် ကြံခင်းမြို့နယ်မှ မိုးစပါးစိုက်တောင်သူ ၄၂၁၃ ဦးအတွက် တစ်ဧကလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် စိုက်ပျိုးဧက ၁၁၄၅၄ အတွက် ငွေကျပ်သိန်း ၃၄၃၆ ဒသမ ၂၀ ကို ပံ့ပိုးသွားမည့်အပြင် ရိတ်သိမ်းချိန်ကာလများ၌ လိုအပ်သည့်ရိတ်သိမ်းခြွေလှေ့စက်၊ အခြောက်ခံစက်၊ သိုလှောင်ရုံများ ထပ်မံပံ့ပိုးသွားမည့် အစီအစဉ်များရှိ၍ လယ်ယာကုန်ထုတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအရေးပါကြောင်း၊ တောင်သူလယ်သမားများအနေဖြင့်လည်း ပြည်တွင်း ပြည်ပဈေးကွက်ဝင် မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပြီး အရည်အသွေးပိုင်း တိုးတက်လာရန် ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှုများလျှော့ချရေးအတွက် လုပ်ငန်းစဉ်(၈)ရပ်အနက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အရေးပါသကဲ့သို့ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ကြိုးစားလုပ်ဆောင်သွားကြစေလိုကြောင်း မှာကြားသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ၂၀၁၁-၂၀၁၂ မိုးစပါးစိုက် တောင်သူများအတွက် စိုက်ပျိုးစရိတ်ပေးအပ်ပွဲ အခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မှာကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်က အထူးပြုကုမ္ပဏီများမှ ထုတ်ပေးသော ချေးငွေများကို လယ်ယာကဏ္ဍတွင် ထိထိရောက်ရောက် အသုံးပြုစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ကြံခင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသန်းက မြို့နယ်အတွင်း လယ်ယာမြေဖော်ထုတ်မှုနှင့် စိုက်ပျိုးပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ဧရာကြံခင်း ဆန်စပါးအထူးပြုကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးကိုကိုအေးက တောင်သူလယ်သမားများထံ စိုက်ပျိုးစရိတ်များ ပေးအပ်သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် လယ်ယာသုံးစက်ကိရိယာ အရောင်းပြခန်းများနှင့် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ် ထုတ်ပေးနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ရှင်းလင်း

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြည်မြို့ရှိ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး (One Village One Product) လုပ်ငန်းဖြစ်သည့် ကြိမ်/ဝါး အိမ်တွင်းလက်မှုလုပ်ငန်းထိန်းသိမ်းစောင့်ရှောက်ရေး အစုအဖွဲ့၏ အရောင်းပြခန်းအတွင်း ခင်းကျင်းပြသထားသော လက်မှုပစ္စည်းများနှင့် လုပ်ငန်းခွင်တို့ကို လှည့်လည်ကြည့်ရှုကြကာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနမှ ကူညီပံ့ပိုးပေးသွားမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားခဲ့သည်။ (သတင်းစဉ်)

ရေတာရှည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသပ်ရပ် သာယာလှပစေရန်နှင့် ဖြတ်သန်းသွားလာသူများ စိတ်ရွှင်လန်း အပန်းပြေစေရန် ရန်ကုန်-မန္တလေးလမ်းမကြီးနှင့် မြဝတီလမ်းဆုံတွင် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှုကို ပဲခူးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဒေါ်မို့မို့လွင်နှင့်အဖွဲ့ ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်လင်းအောင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

၂၀၁၁ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၆

၂၀၁၁ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် စက်မှုဇုန်(၃) စုဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ နန်းထွမ်းလှုနှင့် မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဒေါ်မြမြဝင်းတို့က အမှာစကားပြောကြားကြပြီး ယခုနှစ်အတွက် လုပ်ငန်းဆောင်ပုဒ် "ရင်သွေး ငယ်တို့ ကျန်းမာဖို့ ရိုင်းပင်းကူညီ ဆွေးနွေးလို့၊ မိခင်နို့ချို တိုက်ကျွေးစို့" နှင့် စပ်လျဉ်း၍ အသင်းဒုတိယဥက္ကဋ္ဌ(၂) ပါမောက္ခ ဒေါ်ရင်မြနှင့် တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်တင်ရီတို့က ရှင်းလင်း ပြောကြားကြသည်။

ထို့နောက် မိခင်များအား ဗဟုသုတ ဉာဏ်စမ်းမေးခွန်းများ မေးမြန်းပြီး တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

(သတင်းစဉ်)

၂၀၁၁ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနား၌ မြန်မာနိုင်ငံ သူနာပြုနှင့် သားဖွားအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ နန်းထွမ်းလှု အမှာစကားပြောကြားစဉ်။(သတင်းစဉ်)



အဏုမြူဗုံးဒဏ်ခံစားခဲ့ရမှု နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနား ဟီရိုရှီးမားၵျင်းပ

တိုကျို ဩဂုတ် ၆

အမေရိကန်နိုင်ငံက အဏုမြူဗုံးဖြင့် တိုက်ခိုက်ခဲ့မှု (၆၆)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အခမ်းအနားကို ဂျပန်နိုင်ငံ ဟီရိုရှီးမားမြို့၌ ဩဂုတ် ၆ ရက်က ကျင်းပသည်။ ထိုစဉ်အတွင်း ဂျပန်ဝန်ကြီးချုပ် နာအိုတိုခန်းက နျူကလီးယား ကင်းရှင်းသော နိုင်ငံအဖြစ်သို့ အသွင်ကူးပြောင်းရန် မိမိကတိပြုကြောင်း ပြောကြားသည်။

အဏုမြူဗုံးဒဏ်ကြောင့် သေဆုံးခဲ့ရသူလူပေါင်း ၁၀၀၀၀၀ ကျော်အားရည်စူးသည့် ဆုတောင်းဝတ်ပြုပွဲ အခမ်းအနားသို့ ဝန်ကြီးချုပ်ခန်းတက်ရောက်ကာ မိန့်ခွန်းပြောကြားခဲ့သည်။

ဂျပန်နိုင်ငံ၌ မတ်လက မြေငလျင်လှုပ်မှုနှင့် ဆူနာမီရေလှိုင်းရိုက်ခတ်မှုတို့ကြောင့် ဖူကူရှီးမား နျူကလီးယားဓာတ်အားပေးစက်ရုံရှိ အအေးခံစနစ်များပျက်စီးကာ အဏုမြူဓာတ်ရောင်ခြည်ပြဿနာ ဖြစ်ပေါ်ခဲ့ရကြောင်း၊ ဂျပန်နိုင်ငံသည် အနာဂတ်ကာလတွင် နျူကလီးယားလျှပ်စစ်ဓာတ်အားအပေါ် မှီခိုအားထား နေရမှုကို အဆုံးသတ်စေမည်ဖြစ်ကြောင်း ၎င်းက ပြောကြား သည်။

ဖူကူရှီးမားဓာတ်ရောင်ခြည် ဘေးအန္တရာယ်သည် ဂျပန်နိုင်ငံကိုသာမက ကမ္ဘာ့နိုင်ငံများကိုပါ ခြိမ်းခြောက်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

၁၉၄၅ ခုနှစ် ဩဂုတ်လက ကမ္ဘာပေါ်တွင် ပထမဆုံးအကြိမ် အဏုမြူဗုံးဒဏ်ကို ခံစားခဲ့ရသော ဟီရိုရှီးမားမြို့၌ ကျင်းပသည့် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပြည်သူ ၅၀၀၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း အစိုးရတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အမေရိကန်နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံ ၆၀ ကျော်မှ ကိုယ်စားလှယ်များလည်း တက်ရောက်ကြသည်။ **အင်တာနက်။**

လွန်ခဲ့သည့် နှစ်ပေါင်း ၆၆ နှစ်က ကမ္ဘာပေါ်တွင် ပထမဆုံး အဏုမြူဗုံးဒဏ်ခံခဲ့ရသော ဟီရိုရှီးမားမြို့၏ သမိုင်းပုံရိပ်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဖိလစ်ပိုင်သမ္မတ အကွီနို မော်ရိုသူပုန်အဖွဲ့နှင့် တိုကျို၌ လျှို့ဝှက်ဆွေးနွေးခဲ့

မနီလာ ဩဂုတ် ၆

ဖိလစ်ပိုင်သမ္မတ ဘီနင်နိုအကွီနိုသည် မော်ရိုလွတ်မြောက်ရေးတပ်ဦး သူပုန်အဖွဲ့နှင့် ဂျပန်နိုင်ငံ မြို့တော်တိုကျိုတွင် လျှို့ဝှက်တွေ့ဆုံ ဆွေးနွေးခဲ့ကြောင်း ဩဂုတ် ၆ ရက်သတင်းများတွင် ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ငြိမ်းချမ်းရေးဆွေးနွေးပွဲများကို ပြန်လည်ကျင်းပနိုင်ရန် အစိုးရအဖွဲ့က ကြိုးပမ်းနေသည့် လက္ခဏာတစ်ရပ်ဖြစ်သော အဆိုပါဆွေးနွေးပွဲကို ဩဂုတ် ၄ရက်က ကျင်းပခဲ့ခြင်းဖြစ်သည်။

ဖိလစ်ပိုင်သမ္မတနှင့် သူပုန်အဖွဲ့အကြား တွေ့ဆုံဆွေးနွေးခြင်းကို ကြိုတင်ထုတ်ပြန်ကြေညာခဲ့ခြင်းမရှိပေ။

မြို့တော်တိုကျို၌ တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပသွားရန် သဘောတူညီခဲ့ကြသည်။ သမ္မတ အကွီနို၏ ရာထူးသက်တမ်းကာလအတွင်း ငြိမ်းချမ်းရေးသဘောတူညီချက် တစ်ရပ်ကို အကောင်အထည်ဖော်နိုင်မည်ဟု မျှော်လင့်ရသည်။ **ဆင်ဟွာ။**

နောက်ဆုံးပေါ် နည်းပညာသုံး ရေနံတွင်းတူး သင်္ဘောတစ်စင်းကိုတွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မြောက်ဝင်ရိုးစွန်းအာတိတ်ဒေသ၌ ရေနံတူးဖော်ရန် ရှဲလ်ရေနံကုမ္ပဏီကို အကန့်အသတ်ဖြင့်ခွင့်ပြု

ဝါရှင်တန် ဩဂုတ် ၆

အမေရိကန် ပင်လယ်သမုဒ္ဒရာ စီမံခန့်ခွဲရေးဗျူရိုသည် မြောက်ဝင်ရိုးစွန်း အာတိတ်ဒေသ၌ ရေနံတူးဖော်ထုတ်လုပ်နိုင်ရန် ရှဲလ်ရေနံကုမ္ပဏီအား အကန့်အသတ်ဖြင့် ခွင့်ပြုချက်ပေးလိုက်ပြီ ဖြစ်ကြောင်း အမေရိကန်သတင်းဌာနများက ဩဂုတ် ၆ရက်တွင် သတင်းထုတ်ပြန်သည်။

ရှဲလ်ရေနံကုမ္ပဏီသည် အစောဆုံးလာမည့်နှစ်မှစ၍ ဗျူးဖို့ပင်လယ်၌ ရေနံတူးဖော်မှု စတင်နိုင်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံ အလာစကာပြည်နယ် ကမ်းလွန် အာတိတ်ဒေသ၌ ရှဲလ်ကုမ္ပဏီ ရေနံတူးဖော်ခွင့် ရရှိသည်ဆိုသော သတင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလှုပ်ရှားသူများမှာ ဒေါသအမျက်ထွက်ကြရသည်။

အာတိတ်ဒေသ၌ ရေနံတူးဖော်ခြင်းဖြင့် ရေနံယိုဖိတ်မှု ဖြစ်ပေါ်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းများက ဝေဖန်ကြသည်။

ရှဲလ်ရေနံကုမ္ပဏီသည် နှစ်နှစ်တာကာလအတွင်း ဗျူးဖို့ပင်လယ်၌ ရေနံတွင်းလေးတွင်းအထိ တူးဖော်ရန် စီစဉ်ထားသည်။

ရှဲလ်ရေနံကုမ္ပဏီ ရေနံတူးရန် စီစဉ်ထားသောနေရာမှ မိုင် ၁၀၀၀ ကျော် (ကီလိုမီတာ ၁၆၀၀) အကွာအဝေး၌ ကမ်းရိုးတန်းစောင့်တပ်ဖွဲ့၏ စခန်းတည်ရှိရာ အကယ်၍ ရေနံယိုဖိတ်မှုပြဿနာ ဖြစ်ပေါ်လာပါက ချက်ချင်းအရေးယူဆောင်ရွက်ရန် ခဲယဉ်းမည်ဖြစ်ကြောင်း အလာစကာပြည်နယ် ဇီဝမျိုးစုံထိန်းသိမ်းရေးဌာန ညွှန်ကြားရေးမှူး ရေဗက္ကာနိုဘလင်က ပြောကြားသည်။

အာတိတ်သမုဒ္ဒရာတွင် ရေနံတူးဖော်မှုကို အစိုးရက ခွင့်ပြုပေးရန် မသင့်ကြောင်း ၎င်းက ပြောကြားသည်။ **ရိုက်တာ။**

အာဖဂန်၌ စစ်ရဟတ်ယာဉ်ပျက်ကျ အမေရိကန်အထူးတပ်ဖွဲ့ဝင် ၃၁ ဦးသေဆုံး

ကဘူး ဩဂုတ် ၆

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ဘက် ဝါဒက်ပြည်နယ်၌ ဩဂုတ် ၆ ရက်က နေတိုးဦးဆောင်သောတပ်ဖွဲ့မှ စစ်ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ အမေရိကန်အထူးတပ်ဖွဲ့ဝင် ၃၁ ဦး ထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာသတင်းများက ဖော်ပြသည်။

နိုင်ငံတကာ လုံခြုံရေးအထောက်အကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)တပ်ဖွဲ့မှ ရဟတ်ယာဉ်တစ်စင်းသည် ဝါဒက်ပြည်နယ်၌ ပျက်ကျခဲ့ကြောင်း၊ အာဖဂန်တပ်ဖွဲ့ဝင် ခုနစ်ဦးမှာလည်း သေဆုံးခဲ့ရကြောင်း သမ္မတ ဟာမစ်ကာဇိုင်း၏ရုံးမှ ထုတ်ပြန်သော ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဝါဒက်ပြည်နယ် ဆေယိအာဘက်မြို့တွင် စစ်ရဟတ်ယာဉ် ပျက်ကျခဲ့ကြောင်း ပြည်နယ်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အာဖဂန်တပ်ဖွဲ့နှင့် နေတိုးဦးဆောင်သောတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များသည် တာလီဘန်စစ်သွေးကြွများအား ချေမှုန်းသည့် စစ်ဆင်ရေးတစ်ရပ်ကို ဆောင်ရွက်နေချိန်အတွင်း စစ်ရဟတ်ယာဉ် ပျက်ကျခဲ့ကြောင်း ပြောရေးဆိုခွင့် ရှိသူက ပြောကြားသည်။

စစ်ရဟတ်ယာဉ် ပျက်ကျရမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။ **ဆင်ဟွာ။**

အိုင်ဗရီကို့စ်၌ ဘတ်စ်ကားတစ်စီး ပင်လယ်ထုံးအိုင်အတွင်းသို့ ထိုးကျ လူ ၃၇ ဦးသေဆုံး

အဘစ်ဂျန် ဩဂုတ် ၆

ဩဂုတ် ၅ ရက် နံနက်ပိုင်းက အိုင်ဗရီကို့စ်နိုင်ငံ၏ စီးပွားရေးမြို့တော် အဘစ်ဂျန်တွင် ဘတ်စ်ကားတစ်စီး ပင်လယ်ထုံးအိုင်တစ်ခုအတွင်းသို့ ထိုးကျခဲ့ရာ လူ ၃၇ ဦး သေဆုံးခဲ့ကြောင်း၊ ယင်းဘတ်စ်ကားတွင် ခရီးသည် ၄၇ ဦး ပါဝင်ကြောင်း အိုင်ဗရီကို့စ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးကပြောကြားခဲ့သည်။

အဆိုပါယာဉ်ထိုးကျမှုမြင်ကွင်းကို မျက်မြင်တွေ့သူများနှင့် ကယ်ဆယ်သူများ၏ ပြောကြားချက်အရ ယင်းဘတ်စ်ကားသည် ပင်လယ်ထုံးအိုင်အထက်တံတားပေါ်တွင် အခြားကားနှစ်စီးကို ဝင်တိုက်ခဲ့ပြီး တစ်ဆက်တည်းပင် တံတား၏အစွန်အဖျားသို့ လွင့်စဉ်သွားသည်ကို တွေ့မြင်ခဲ့ရသည်ဟု ဆိုသည်။

၃၇ ဦးသေ

ပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးက ပြောကြားရာတွင် သေဆုံးသူ ၃၇ ဦးတွင် အမျိုးသား ၂၂ ဦးနှင့် အမျိုးသမီး ၁၅ ဦးပါဝင်ပြီး ဒဏ်ရာရရှိသူ ကိုးဦးမှာ ဆေးရုံတက်ရောက်ကုသလျက်ရှိပြီး တစ်ဦးမှာ ဆေးရုံမှဆင်းခွင့်ရသွားပြီဟု ဆိုသည်။ **အမ်အင်အေ၊ရိုက်တာ။**

ဆိုမာလီမြို့တော်မှ ရှာဘက်သူပုန်များ ဆုတ်ခွာ

မိုဂါဒစ်ရှူး ဩဂုတ် ၆

ဆိုမာလီနိုင်ငံ မြို့တော်မိုဂါဒစ်ရှူး၏ အဓိကနေရာများ၌ တပ်စွဲထားသည့် အစ္စလာမ္မစ်ရှာဘက်သူပုန်များသည် စနေနေ့က ဆုတ်ခွာသွားကြပြီဖြစ်သည်။

ဆိုမာလီသမ္မတ ရှာရစ်ရှိတ်အာမက်က မြို့တော်သည် လုံးဝလွတ်မြောက်သွားပြီဖြစ်ကြောင်း၊ ကျန်ဒေသများလည်း မကြာမီ လွတ်မြောက်တော့မည်ဖြစ်ကြောင်း သတင်းထောက်များကို ပြောကြားခဲ့သည်။

အယ်လ်ခိုင်ဒါအဖွဲ့နှင့် အဆက်အသွယ်ရှိသည့် ရှာဘက်သောင်းကျန်းသူများသည် ၎င်းတို့၏ ဗျူဟာမြောက် တပ်စွဲထားရာ စခန်းများမှ ယမန်နေ့ညက ထွက်ခွာသွားခဲ့ကြရာ ၎င်းတို့၏စခန်းများကို အစိုးရတပ်ဖွဲ့များက ဝင်ရောက်နေရာယူကြသည်။

မိုးခေါင်မှုကြောင့် ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ရင်ဆိုင်နေကြရသည့် ဒုက္ခသည်များထံသို့ စားနပ်ရိက္ခာ ပို့ဆောင်ပေးသောလမ်းကြောင်း လုံခြုံစေရန်အတွက် မိုဂါဒစ်ရှူးမြို့တွင် အာဖရိကသမဂ္ဂက ထောက်ခံသော အစိုးရတပ်ဖွဲ့များက ရှာဘက်သူပုန်များကို အပြင်းအထန်တိုက်ခိုက်လျက်ရှိသည်။

ယင်းမိုးခေါင်မှုက ဆိုမာလီနှင့် အာဖရိကဦးချိုဒေသမှ လူဦးရေ ၁၂သန်းခန့်ကို ခြိမ်းခြောက်လျက်ရှိသည်။

အစိုးရတပ်ဖွဲ့များအနေဖြင့် တိုက်ရန် ရန်သူနှစ်ဖွဲ့ရှိကြောင်း၊ တစ်ဖွဲ့မှာ ရှာဘက်ဖြစ်၍ ကျန်တစ်ဖွဲ့မှာ ပြည်သူများကို လုယက်နေကြသူများဖြစ်ကြောင်း သမ္မတကပြောကြားသည်။

ဥပဒေကင်းမဲ့နေသည့် ဆိုမာလီနိုင်ငံတွင် ပြိုင်ဘက်ပြည်သူ့စစ်အုပ်စုများသည် ခြေချင်းလိမ်လျက်ရှိသည်။ သောကြာနေ့၌ ငတ်မွတ်နေသော ဒုက္ခသည်များကို ဝေငှမည့်ရိက္ခာများကို သေနတ်သမားတစ်စုက လုယူသွားသည့်အပြင် လူငါးဦးကိုလည်း သတ်ဖြတ်ခဲ့သည်။ သို့သော် သဘောထားတင်းမာသည့် သူပုန်များ၏ ပြောရေးဆိုခွင့်ရှိသူ အလီမိုဟာမက်ရာဂျီးက စနေနေ့က ဆုတ်ခွာသွားကြခြင်းသည် စစ်ရေးဆိုင်ရာမဟာဗျူဟာ ပြောင်းလဲခြင်းမျှသာဖြစ်သည်ဟု ပြောကြားသည်။ **အင်တာနက်။**

မြို့တော်မိုဂါဒစ်ရှူးမှ ဆုတ်ခွာသွားကြသော ရှာဘက်သူပုန်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် စစ်တောင်း-ဒိုက်ဦးလမ်းပေါ်ရှိ နဂါးပေါက်တံတားနှင့် စစ်တောင်းတူးမြောင်းဖြတ်တံတားများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဩဂုတ် ၅ ရက် နံနက် ၈ နာရီတွင် ရန်ကုန်-ပဲခူး-မော်လမြိုင်လမ်း(ဘုရားကြီး-စစ်တောင်းလမ်းအပိုင်း) ၌ ရွှေသံလွင်ကုမ္ပဏီက B.O.T စနစ်ဖြင့် ဆောင်ရွက်သော လမ်းလုပ်ငန်းများကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒိုက်ဦး-စစ်တောင်းလမ်း မိုင်တိုင်အမှတ်(၇/၄)ရှိ နဂါးပေါက်တံတားသို့ ရောက်ရှိရာ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၆)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်သိန်းနုက နဂါးပေါက်တံတား တည်ဆောက်ပြီးစီးမှု၊ အချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်း ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက တံတားအချောသပ် လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်၊ တံတားလက်ရန်းများကိုလည်း လက်ရာ သေသေသပ်သပ်ဖြင့် ခိုင်ခံ့မှုရှိအောင် ဆောင်ရွက်ရန်၊ တံတားချဉ်းကပ်လမ်း လုပ်ငန်းများကိုလည်း အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်သွားရန်တို့ကို မှာကြားသည်။

ဆက်လက်၍ ဒိုက်ဦးဘက်ကမ်း ရှင်းလင်းဆောင်မှ နဂါးပေါက်တံတား တည်ဆောက်ပြီးစီးမှု၊ တံတားကြမ်းခင်းနှင့် လက်ရန်းများ အချောသပ်လုပ်ငန်း ဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်း မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

နဂါးပေါက်တံတားသည် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦး-စစ်တောင်းလမ်း မိုင်တိုင်အမှတ်(၇/၄)တွင် တည်ရှိကာ သံကူကွန်ကရစ် တံတားအမျိုးအစားဖြစ်ပြီး စုစုပေါင်းတံတားအရှည် ပေ ၂၄၀၊ ယာဉ်သွားလမ်း အကျယ် ၂၄ ပေနှင့် လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိ၍ ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ တန် ၆၀ ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဆိုပါလမ်းပေါ်ရှိ တံတားအမှတ်(၁/၆) စစ်တောင်းတူးမြောင်းဖြတ်တံတားသို့ ရောက်ရှိရာ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၂)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဒေါ်သန်းရီက တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် လူအင်အား၊ စက်ယန္တရား အင်အားအပြည့်ဖြင့် နေ့/ည ဆောင်ရွက်ရန်၊ ပစ္စည်းအလေအလွင့်မရှိရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးတို့ကို အထူးအလေးထားဆောင်ရွက်ရန်တို့ကို မှာကြားပြီး တံတားတည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် နဂါးပေါက်တံတားကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒီဂရီကောလိပ်နှင့် အခြေခံပညာကျောင်းများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၆

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် ဩဂုတ် ၅ ရက် နံနက်ပိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း (တောင်သာ)သို့ သွားရောက်၍ တိုင်းဒေသကြီး ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပြီး ပညာရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို မှာကြားခဲ့သည်။

ထို့မှတစ်ဆင့် အခြေခံပညာအထက်တန်းကျောင်း (ဝဲလောင်)၌ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများနှင့် လည်းကောင်း၊ မြင်းခြံဒီဂရီကောလိပ် အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ပါမောက္ခများ၊ ဆရာ၊ ဆရာမများနှင့် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် မြင်းခြံမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ တိုင်းဒေသကြီး ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများနှင့်လည်းကောင်း တွေ့ဆုံ၍ ပညာရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဩဂုတ် ၆ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အခြေခံပညာအလယ်တန်းကျောင်း(ပဲကူ)နှင့်အခြေခံပညာအထက်တန်းကျောင်း(မြင်းမူ)တို့သို့ သွားရောက်၍ မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် တွေ့ဆုံ၍ ပညာရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို ဆွေးနွေးမှာကြားခဲ့သည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်း G.S.M မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေး စီမံကိန်း အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ပြည်သူများ ဈေးနှုန်းသက်သာ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေး မိုဘိုင်းတိုးချဲ့စီမံကိန်း အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၆

နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်သည့်နေရာတွင် ဆက်သွယ်ရေးကဏ္ဍအနေဖြင့် အဓိကအခန်းကဏ္ဍက ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေမည့် မိုဘိုင်းဆက်သွယ်မှုကွန်ရက် တိုးချဲ့ရေးစီမံကိန်းကို အောင်မြင်အောင် အဘက်ဘက်က ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းဖြင့် ဩဂုတ် ၅ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် G.S.M မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေးစီမံကိန်း အစည်းအဝေး၌ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ဤစီမံကိန်းသည် တစ်နိုင်ငံလုံးရှိ ပြည်သူများ မိုဘိုင်းတယ်လီဖုန်းများကို ဈေးနှုန်းသက်သာစွာဖြင့် တစ်ဦးနှင့်တစ်ဦး အဆင်ပြေချောမွေ့စွာပြောဆိုဆက်သွယ်နိုင်ရေးအတွက် ဆောင်ရွက်သည့် စီမံကိန်းဖြစ်ကြောင်း၊ စီမံကိန်းတွင် ပါဝင်ဆောင်ရွက်ကြသည့် လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသည့် စည်းမျဉ်း၊ စည်းကမ်းဘောင်အတွင်းမှ အစိုးရနှင့် ပုဂ္ဂလိကတို့ အတူလက်တွဲ၍ ဤမိုဘိုင်းတယ်လီဖုန်း ဆက်သွယ်မှုစီမံကိန်းကို အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် G.S.M မိုဘိုင်းတိုးချဲ့ခြင်း စီမံကိန်းမန်နေဂျာတို့က G.S.M မိုဘိုင်းတယ်လီဖုန်းများ တိုးချဲ့တပ်ဆင်ရေး စီမံကိန်း၏ ပထမနှစ် လိုင်းလေးသန်း တိုးချဲ့ဆောင်ရွက်ရေးနှင့် ပတ်သက်၍ စီမံကိန်းလုပ်ငန်းအတွက် ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များက စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို တင်ပြကြကာ ပြည်ထောင်စုဝန်ကြီးက G.S.M မိုဘိုင်းတိုးချဲ့ခြင်း စီမံကိန်းသည် မိမိတို့အားလုံးအတွက် မဖြစ်မနေအောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရမည့် စီမံကိန်းဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ အဘက်ဘက်က စနစ်တကျ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ခင်ဦးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

စစ်ကိုင်း ဩဂုတ် ၆

စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ်၏ ၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂၀ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ကျင်းပရာ ခင်ဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်လွင်၊ မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးသိန်းအောင်၊ နယ်မြေတာဝန်ခံတောအုပ် ဦးသက်ညဏ်ဦးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများက စုပေါင်း၍ တမာ၊ ပိန္နဲ၊ သရက်၊ မန်ကျည်းနှင့် အော်ရီရှားပင် စုစုပေါင်း ၄၀၀ တို့အား စိုက်ပျိုးကြကြောင်း သိရသည်။ **(အောက်ပုံ)** (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၈-၂၀၁၁ (တနင်္ဂနွေနေ့)

AM & PM

- ၆း၃၀ MRTV-4 သတင်း
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၈၈)**
- ၇း၃၀ FIFA U-20 WORLD CUP COLOMBIA 2011 (Saudi Arabia Vs Nigeria) (LIVE)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၃၀)**
- ၁၀း၂၅ MRTV-4 7th Anniversary Live Show (Day-1)(Part-6)
- ၁၁း၂၀ Sunday Talk (ဦးငြိမ်းမင်း၊ မျိုးမြတ်သူ)
- ၁၁း၅၅ မွေခံထိုက်စေ
- ၁၂း၁၅ Activities In The City
- ၁၂း၃၅ “ဝ”တာတကယ်လှလို့လား ကျန်းမာရေးစကားဝိုင်း(အပိုင်း-၂)
- ၁၂း၅၅ ရွှေမန်းမြေမှ ရွှေတြိဂံ
- ၁း၀၀ “သမ္ဗုဒ္ဓေဂါထာ”တရားတော် နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာကုမာရာဘိဝံသ(ဗန်းမော်ဆရာတော်)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း
- ၃း၂၀ ဗီဒီယိုပြခန်း
- ၃း၄၅ လှပခေတ်မီ K-1 အကယ်ဒမီ (ဒီဇိုင်နာ ခင်မျိုးဝင်း)
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်” (အပိုင်း-၃၀)**
- ၄း၅၅ အရည်အသွေးတို့၏ ပုံရိပ်များ
- ၅း၁၅ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၅း၄၀ သွားမယ် စားမယ်
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နွေးထွေးသောမေတ္တာ” (အပိုင်း-၈၉)**
- ၇း၀၅ MRTV-4 7th Anniversary Live Show (Day-2)(Part-1)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ Community Shield 2011/12 (Manchester City Vs Manchester United) (LIVE)
- ၁၀း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မာယာမျဉ်းပြိုင်”(အပိုင်း-၃၁)**
- ၁၁း၂၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ
- ၁၁း၄၀ FIFA U-20 WORLD CUP COLOMBIA 2011 (Australia Vs New Spain) (DELAY)
- ၁း၃၀ ထင်ရှားကျော်ကြားရွှေဘိုပေါ်ဆန်းဘေးကြား
- ၁း၄၅ သန့်စွာကိုင်လေ စက္ကူငွေ. . .
- ၂း၀၀ FIFA U-20 WORLD CUP COLOMBIA 2011 (Croatia Vs Guatemala) (DELAY)
- ၃း၄၅ ရင်သွေးအတွက် သတိတစ်ချက် (ညောင်ညောင်၊ မေသဥ္ဇာဦး၊ ဆုရွှန်းလဲ့၊ ဒေါ်နှင်းဆီ၊ ခေတ်ရှုပါဦး) (ဒါရိုက်တာ-ဆွေဇင်ထိုက်)
- ၃း၅၅ ပုဂံအိမ်ထဲက ထည်ဝါမှုပြယုဂ်
- ၄း၀၅ လမ်းကလေးပေါ်မှာ စည်းချက်ညီညီမောင်းကြစို့
- ၄း၂၀ စကားဝါမြေ၏ အိုအေစစ် (Popa Mountain Resort)
- ၄း၄၀ ကြည်နူးမြတ်နိုးဖွယ်အလှအပများ စုဝေးရာ ပဒုမ္မာ
- ၅း၀၀ အစီအစဉ်ပြီး။

Community Shied 2011-12 ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၅၅	Man City - Man U	Star Sports(Live)

ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။

မြေယာရှုခင်း ပေါင်းမြက်ရှင်း

ငါးသိုင်းချောင်း ဩဂုတ် ၆

ငါးသိုင်းချောင်းမြို့နယ်ခွဲ စည်ပင်သာယာရေးအဖွဲ့မှ ရှေ့ဆောင်ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ မြေယာရှုခင်းအား ပေါင်းမြက်ရှင်းလင်းခြင်း၊ ရွက်လှပင်များ အစားထိုးစိုက်ပျိုးခြင်းအား အဖွဲ့ဝန်ထမ်းများဖြင့် ဆောင်ရွက်နေမှုကို မြို့နယ်ခွဲတာဝန်ခံ ဦးရဲထွန်းဦး၊ တာဝန်ခံအင်ဂျင်နီယာဦးကျော်မြင့်လှိုင်တို့က ကြီးကြပ်ဆောင်ရွက်ကြသည်။(မြို့နယ်စည်ပင်)

တစ်နိုင်ငံ ဟင်းစားမှသည် တစ်နိုင်ငံစီးပွားဖြစ်မွေးမြူရေးသို့

မောင်အောင်(မွေး/ကု)

ကျွန်တော်တို့ မြန်မာစကားတွင် **"တစ်တက်စားလည်းကြက်သွန်၊ နှစ်တက်စားလည်း ကြက်သွန်"** ဟု ပြောတတ်ကြသည်။ ဆိုလိုသည်မှာ ကြက်သွန်ဖြူစားလျှင် ပါးစပ်နံတတ်သည်။ နံမည့်အတူတူ တစ်တက်စား၍ အာသာပြေမည်မဟုတ်။ စားမည့်စားလျှင် အာသာပြေအောင်၊ ကျေနပ်အောင် စားသင့်သည်ဟု ဆိုလိုရင်းဖြစ်မည် ထင်ပါသည်။

ထို့အတူ ကျေးလက်ဒေသများတွင် အိမ်တိုင်းနီးနီး ညှော့လာစောင်လာ ဟင်းစားအဖြစ် ကြက်တစ်ကောင် နှစ်ကောင်၊ ဘဲ သုံး-လေးကောင် မွေးထားလေ့ရှိသည်။ ညှော့သည်လာလျှင် အလွယ်တကူ ချက်ပြုတ်ကျွေးမွေးရန် ဖြစ်သည်။ ကြက်ဖတစ်ကောင်၊ ကြက်မ ၁၀ ကောင်ခန့် မွေးထားခြင်းသည် ကြက်နှစ်ကောင်၊ သုံးကောင်မွေးထားရသည်နှင့် ထိန်းသိမ်းစောင့်ရှောက်ရမှု၊ အစာကျွေးရမှု ထူးခြား၍ မပင်ပန်းပါ။ သို့သော် ဝင်ငွေရရှိမှုတွင် သိသိသာသာ ကွာခြားပါသည်။

ကြက်ဖတစ်ကောင်၊ ကြက်မ ၁၀ ကောင်မှ တစ်နှစ်လျှင် ဝင်ငွေကျပ် တစ်သိန်းကျော် ရရှိနိုင်ပါသည်။ မြန်မာ တိုင်းရင်းကြက်များသည် ခြောက်လခန့်တွင် အရွယ်ရောက်ပြီး ဥဥလေ့ရှိပါသည်။ ကြက်မတစ်ကောင်သည် တစ်နှစ်လျှင် သုံးကြိမ်ဥသဖြင့် ကြက်ဥ ၃၆-၄၀ ခန့်ရပြီး ကြက်မ ၁၀ ကောင်မှ ကြက်ဥ ၃၆၀-၄၀၀ ခန့်ရပါမည်။ ၎င်းကြက်ဥမှ ၆၀ ရာခိုင်နှုန်းခန့် မျိုးအောင်ပြီး မျိုးအောင်ဥ၏ ၈၀ ရာခိုင်နှုန်းခန့် သားပေါက်ပါသည်။ သို့ဖြစ်၍ ကြက်မ ၁၀ ကောင်မှ ကြက်ဥ ၃၆၀-၄၀၀ လုံးအထိရနိုင်ပြီး ၎င်းမှ မျိုးအောင်ဥ ၂၁၆ လုံး၊ ကြက်သားပေါက် ၁၇၂ ကောင် ရရှိနိုင်ပါသည်။ ၎င်းကြက်သားပေါက်များမှ ၃၀ ရာခိုင်နှုန်း သေကျေပျက်စီးပြီး ၇၀ ရာခိုင်နှုန်း ကြီးထွားမည်ဆိုပါက အရွယ်ရောက် ကြက်အကောင် ၁၂၀ ရရှိနိုင်ပါမည်။

၎င်းအရွယ်ရောက်ကြက် အကောင် ၁၂၀ မှ ၈၀ ရာခိုင်နှုန်းဈေးကွက်ပို့ပါက ၉၆ ကောင် ဈေးကွက်ပို့နိုင်ပြီး တစ်ကောင်လျှင် ၆၀ ကျပ်သား ရှိမည်ဖြစ်ပါက ၅၇ ပိဿာ ရောင်းချနိုင်ပါမည်။ ကြက်တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဈေးဖြင့် တွက်ပါက ငွေကျပ် ၁၁၄၀၀၀ ရရှိနိုင်ပါမည်။ တစ်နှစ်လုံးဥသည့် ကြက်ဥ ၃၆၀ မှ မျိုးဥနုတ်ပြီး ကျန်ပယ်ကြက်ဥ ၁၄၄ လုံးကို ၆၀ ကျပ်ဈေးဖြင့် ရောင်းချပါက ငွေကျပ် ၈၆၄၀ ထပ်မံရရှိနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်၍ ကြက်ဖနှစ်ကောင်၊ ကြက်မ ၁၀ ကောင် မွေးမြူပါက အနည်းဆုံး ငွေကျပ် ၁၂၂၀၀၀ ခန့် ရရှိနိုင်ပါမည်။

တိုင်းရင်းကြက်၊ ဒေသကြက်မွေးမြူရေးနှင့်အတူ ဘဲ ၁၅ ကောင်၊ အကောင် ၂၀ ခန့် တစ်နိုင်စီးပွားဖြစ် မွေးမြူသင့်ပါသည်။ ဘဲကို လွတ်ကျောင်းမွေးမြူမှုဖြစ်ထွန်းသည်ဟု အများက ထင်ကြသည်။ ဘဲကို တစ်တောင်ခန့်အမြင့် ခြံခတ်၍ မွေးမြူနိုင်ပါသည်။ အရေးကြီးသည်မှာ ရေအင်တုံတွင် ဘဲများမျက်လုံးဆေးရန် ရေသန့်သန့် ထည့်ထားရန်သာ လိုအပ်ပါသည်။ ဘဲကို မိမိအိမ်ခြံဝင်းအတွင်း လွှတ်ကျောင်းမွေးမြူခြင်းဖြင့် ခြံအတွင်းရှိ တီ၊ မျှော့၊ ကျွတ်၊ ပိုးမွှားများနှင့် ခြင်၊ ယင်၊ လောက်လမ်းများကို စားသောက်၍ ခြံဝင်း သန့်ရှင်းစေပါသည်။

ဘဲသည်လည်း ကြက်ကဲ့သို့ပင် ခြောက်လခွဲ၊ ခုနစ်လတွင် အရွယ်ရောက်ပြီး ဘဲဥရရှိနိုင်ပါသည်။ သင့်လျော်သည့်အစာ စနစ်တကျ ကျွေးမွေးပါက ဘဲမအကောင် ၂၀ မှ တစ်နေ့လျှင် ဘဲဥ ၁၅-၁၈ လုံးခန့်ထိ ရရှိနိုင်ပါမည်။ ဘဲမများအား ထိန်းကျောင်းရန်နှင့် မျိုးအောင်ဥရရှိစေရန် ဘဲမ အကောင် ၂၀ တွင် ဘဲထီးနှစ်ကောင်ခန့်ရော၍ မွေးမြူနိုင်ပါသည်။ တစ်နေ့လျှင် ဘဲဥ ၁၅ လုံးခန့်ရရှိပါက တစ်နိုင်ဟင်းစားသာမက တစ်နိုင်စီးပွား ဖြစ်ထွန်းစေနိုင်ပါသည်။ ဘဲတစ်ကောင်မှ တစ်နှစ်လျှင် ဘဲဥ ၁၀၀-၁၅၀ ခန့် ရရှိနိုင်သဖြင့် ဘဲမ အကောင် ၂၀ မှ ဘဲဥ ၂၀၀၀-၃၀၀၀ ထိ ရရှိနိုင်ပါမည်။

ထို့အတူ ကျေးလက်ဒေသများတွင် ဝက်နှစ်ကောင်ခန့် မွေးမြူထားခြင်းသည်လည်း တစ်နိုင်စီးပွားဖြစ်ထွန်းစေပါသည်။ ဝက်သည် အစုံစားသတ္တဝါ ဖြစ်ပါသည်။ ဟင်းသီးဟင်းရွက်ရော အသားပါစားသောက်၍ အသားဖြစ်ထွန်းပါသည်။ အချို့ဒေသများတွင် ငှက်ပျောအူနုပ်နုပ်စဉ်း၍ ဆန်ကွဲရောကြိုပြီး ဖွဲနုပက်၍ ကျွေးပါသည်။ လယ်ဝေး၊ ရမည်းသင်းနှင့် ဖယ်ခုံဒေသများတွင် ရေမှော်များဆယ်၍ ဖွဲနုအနည်းငယ်ပက်ပြီး ကျွေးပါသည်။ ကျွေးသည့်အစာ၏ အာဟာရပြည့်ဝမှုအပေါ် မူတည်၍ ဝက်မွေးမြူရေးဖြစ်ထွန်းပါသည်။ ဝက်အသက် (၈-၁၀)လ တွင် အလေးချိန် ၆၀-၇၀ ခန့် အထိရှိလာပြီး ဝင်ငွေကျပ် တစ်သိန်းခွဲနှင့် နှစ်သိန်းကြား ရရှိနိုင်ပါသည်။

တစ်နိုင်စီးပွားဖြစ်မွေးမြူရေးဖြစ်ထွန်းအောင်မြင်ရန် သင့်တင့်လျောက်ပတ်သည့် ကြိုးစားအားထုတ်မှု ပြုလုပ်ရပါမည်။ တိုင်းရင်းကြက်များ ညအိပ်တန်း တက်ချိန် စစ်ဆေးရန်နှင့် ခွေး၊ ကြောင်အန္တရာယ်ကင်းရှင်းရန် ကြက်တဲ၊ ဘဲတဲ၊ ဝက်ခြံဆောက်လုပ်၍ မွေးမြူရပါမည်။ ကြက်ငယ်၊ ဘဲငယ် ငယ်စဉ်ကာလ သားမခွဲမီအချိန်တွင် ကောင်ရေများများ အဖတ်တင်စေရန်အတွက် ဆောင်းဖြင့်အုပ်၍ မွေးမြူရပါမည်။ ကောင်ရေများများ ဘက်စုံမွေးမြူထားခြင်းကြောင့် စပါးနှင့် ဖြည့်စွက်စာ ကျွေးပေးရပါမည်။

တစ်နိုင်ဟင်းစားမွေးမြူရေးတွင် မိမိအိမ်မှ ထမင်းကျန်၊ ဟင်းကျန် စွန့်ပစ်ပစ္စည်းများဖြင့် ကျွေးမွေး၍ မွေးမြူနိုင်သော်လည်း တစ်နိုင်စီးပွားဖြစ် မွေးမြူရေးတွင် ဖြည့်စွက်စာကျွေးမွေးရန် လိုအပ်ပါသည်။ ကြက်၊ ဘဲနှင့် ဝက် အပါအဝင် မည်သည့်တိရစ္ဆာန်မွေးမြူရေးတွင်မဆို အစာကို စနစ်တကျကျွေးမွေးရန် လိုအပ်ပါသည်။ အထူးသဖြင့် ညနေပိုင်း ကြက်၊ ဘဲသွင်းချိန်တွင် အစာပုံမှန်ကျွေးမွေးခြင်းဖြင့် ပျောက်ရှမှုနည်းပါး၍ ကောင်ရေကိုလည်း နေ့စဉ် စစ်ဆေးပြီးဖြစ်ပါသည်။

မွေးမြူရေးအောင်မြင်ရန် ကူးစက်ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးသည်လည်း အရေးကြီးသော အခန်းမှ ပါဝင်ပါသည်။ ကြက်များတွင် အများဆုံး ဖြစ်ပွားတတ်သည့် ကြက်လည်လိမ်ရောဂါနှင့် ကြက်ဝမ်းကျရောဂါ၊ ဘဲများတွင် ဖြစ်ပွားတတ်သည့် ဘဲဝမ်းကျရောဂါနှင့် ဝက်ဝမ်းကျရောဂါတို့အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ထုတ်လုပ်သည့် ကာကွယ်ဆေးများကိုသာ ပုံမှန်ထိုးနှံပါက ဆုံးရှုံးမှုမဖြစ်ပွားစေနိုင်ပါ။

ဤသို့ဖြင့် ကြက်၊ ဘဲ၊ ဝက် တစ်နိုင်စီးပွားဖြစ် မွေးမြူခြင်းမှ တစ်နှစ်လျှင် ငွေကျပ် ငါးသိန်းမှ ခြောက်သိန်း ခန့်အထိ ရရှိနိုင်ပါသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း **"တစ်တက်စားလည်းကြက်သွန်၊ နှစ်တက်စားလည်းကြက်သွန်"** ဖြစ်ပါသည်။

ကျွန်တော်တို့ ကျေးလက်နေပြည်သူများ **'တစ်နိုင်ဟင်းစားမှသည် တစ်နိုင်စီးပွားဖြစ်မွေးမြူရေး'** ဆောင်ရွက်ရင် **"ကျေးလက်စီးပွားဖွံ့ဖြိုးတိုးတက်ရေး အလေးထားဆောင်ရွက်ကြပါရန်"** ရေးသားတင်ပြအပ်ပါသည်။ ။

ပြည်သူ့ထံမှ ပေးစာများ

ရပ်ကွက်အတွင်း ဝက်ခြံများ ဖယ်ရှားပေးစေချင်

စာတည်းရှင့်-

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၁၇) ရပ်ကွက် အပိုင်း(၁) ဥက္ကဌာရာမ လမ်းတစ်လျှောက်တွင် ဝက်ခြံများဆောက်၍ ဝက်များမွေးမြူလျက်ရှိရာ ဝက်ခြံမှထွက်ရှိသော အနံ့အသက်ဆိုးများကြောင့် ရပ်ကွက်အတွင်း နေထိုင်ကြသော ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ ကျန်းမာရေး ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

သန့်ရှင်းစေလိုသူ

အနံ့ဆိုးမခံနိုင်

စာတည်းခင်ဗျား-

တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက် သီရိလမ်းရှိ လူနေအိမ်ခန်းတစ်ခန်းတွင် ငါးခြောက်အိတ်များ မြောက်မြားစွာ သိုလှောင်ထုပ်ပိုးလျက်ရှိရာ ဘေးပတ်ဝန်းကျင်အခန်းများနှင့် လမ်းမပေါ်အထိ အနံ့ဆိုးများ ရှူရှိုက်နေရပြီး သက်ကြီးရွယ်အို၊ ကလေးသူငယ်များ ကျန်းမာရေးထိခိုက်နေပါသဖြင့် သက်ဆိုင်ရာမှ ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ Johns Hopkins University မှ Director of Asian Studies Professor, Dr.Karl D.Jackson နှင့် ကမ္ဘာ့ဘဏ်ဌာနမှူးဟောင်း Prof. Mr.Jennifer Sullivan တို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့ရှိ တက္ကသိုလ်၌ မဟာဘွဲ့လွန်နှင့် ရက်တိုသင်တန်းများ တက်ရောက်နိုင်ရေး ဆွေးနွေး

နေပြည်တော် ဩဂုတ် ၆

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ Johns Hopkins University မှ Director of Asian Studies Professor, Dr.Karl D.Jackson နှင့် ကမ္ဘာ့ဘဏ်ဌာနမှူးဟောင်း Prof. Mr.Jennifer Sullivan တို့သည် ဩဂုတ် ၅ ရက် ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ ကျန်းမာရေးဝန်ထမ်းများ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့ရှိ Johns Hopkins University တွင် မဟာဘွဲ့လွန်နှင့် ရက်တိုသင်တန်းများ တက်ရောက်ခွင့်ရရှိရေး အစီအစဉ်များ၊ ဂျပန်နိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့ရှိ တက္ကသိုလ်များနှင့် ဌာနများသို့ သွားရောက်လေ့လာရေး အစီအစဉ်များအတွက် ပံ့ပိုးပေးရေးကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုံးခင်၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသိပ္ပံပညာဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကလော/အေးသာယာ G.T.I ကျောင်းဆင်း တပည့်များက ဆရာကြီး ဦးအောင်နိုင်အား အမှူးထား၍ ဩဂုတ် ၅ ရက်က မဟာစည်သာသနာ့ရိပ်သာ ထာဝရဆွမ်းပဒေသာပင်အတွက် အလှူငွေကျပ် ၃၈၅၅၀၀၀ လှူဒါန်းရာ အကျိုးတော်ဆောင်များ လက်ခံစဉ်။ (ကြေးမုံ)

သစ်တောသစ်ပင် ဒို့ချစ်ခင်

တီးတိန်မြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

တီးတိန် ဩဂုတ် ၆

ချင်းပြည်နယ် တီးတိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် သစ်တောဦးစီးဌာနတို့ကြီးမှူး၍ မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက တီးတိန်မြို့ ဘွာလ်ဇဉ် (ရှောင်စောန်း) ရပ်ကွက်၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးဇမ်ဆွမ်းခိုင်က ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများ ပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသော ဒေသခံပြည်သူများက ထင်းရှူး၊ ခါတော်မှီ၊ ယူကလစ်၊ ချယ်ရီ စသည့် ပျိုးပင်ပေါင်း ၁၂၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။**(အပေါ်ပုံ)**

(ခရိုင်ပြန်/ဆက်)

အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော ဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စနစ်တကျ ကွပ်ကဲကြပ်မတ်လျက်ရှိသည်။

အောက်ဖော်ပြပါ Sibutramine ပါဝင်သော ပိန်ဆေးများသည် သုံးစွဲသူအတွက် နှလုံးရောဂါ၊ စိတ်ဝေဒနာနှင့် အတက်ရောဂါဖြစ်နိုင်သဖြင့် အများပြည်သူများ ဝယ်ယူသုံးစွဲရန် မသင့်ကြောင်း အသိပေးနှိုးဆော်အပ်သည်။

စဉ်	ဆေးအမည်
၁။	Nobese 15mg Capsule
၂။	Nobese 10 Capsule
၃။	Slenfig-10 Hard Gelatin Capsule
၄။	Slenfig-15 Hard Gelatin Capsule
၅။	Slimmax-10 Capsule
၆။	Slimmax-5 Capsule
၇။	Accent 15 mg Capsule
၈။	Accent 10mg Capsule
၉။	Obirax-10 Capsule
၁၀။	Obenil-5 Capsule
၁၁။	Redumin 10mg Capsule
၁၂။	Redumin 15mg Capsule

ကျန်းမာရေးဝန်ကြီးဌာန

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၏ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

ကျေးလက်နေပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဝိုင်းဝန်းကူညီ အသေးစားနှင့် အလတ်စား စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကူညီဖြည့်ဆည်း

နေပြည်တော် ဩဂုတ် ၆

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ မြန်မာ့စီးပွားရေးဘဏ် ခရိုင်မန်နေဂျာရုံး၌ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့အသေးစားချေးငွေလုပ်ငန်း၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ခရိုင်အဆင့် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ထို့နောက် မြန်မာ့စီးပွားရေးဘဏ်၊ တောင်ငူခရိုင်ဘဏ်၊ ခရိုင်အခွန်ဦးစီးဌာနမှူးရုံး၊ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ အုတ်တွင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ် မြို့နယ်မန်နေဂျာရုံးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းနှင့်အတူ ပဲခူးမြို့ ရွှေဝါထွန်းခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ ဦးစီးဌာနနှင့် လုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံရာ တာဝန်ခံအရာရှိများက ဌာနအလိုက် ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအပါအဝင် ကျေးလက်နေပြည်သူများ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန်၊ မြို့နေပြည်သူများ၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း တာဝန်ကျရာ အခန်းကဏ္ဍက ကူညီဖြည့်ဆည်းပေးရန်၊ ဌာနအလိုက် လုပ်ငန်းအောင်မြင်မှုများ ပြည့်ဝမှန်ကန်စွာရရှိစေရေး အလေးထား ဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့သည်။ (သတင်းစဉ်)

ပြင်ပဆရာဝန်များ အရည်အသွေးပြည့်ဝရန် အရေးကြီး လိုအပ်ပါက အချိန်မီ ဆေးရုံကြီးများသို့ လွှဲပြောင်းကုသ

စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာ ခိုင်မြဲအောင် ကြိုးစားကျင့်ကြံ

နေပြည်တော် ဩဂုတ် ၆

ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဆေးသိပ္ပံပညာဦးစီးဌာနမှ ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ စုစုပေါင်း ၁၄ ခု၊ သူနာပြု/ သားဖွားနှင့် နှီးနွှယ်သင်တန်းကျောင်း ၄၆ ကျောင်းနှင့် တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးတက္ကသိုလ်တစ်ခုတို့မှ နိုင်ငံတော်အတွက် လိုအပ်သည့် ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် အမျိုးမျိုးကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိကြောင်း။

လေ့ကျင့်မွေးထုတ်ပေးလိုက်သည့် ကျန်းမာရေးစွမ်းအားစုများ၏ ပညာရပ်ဆိုင်ရာ အရည်အသွေးကို မြှင့်တင်ပေးနိုင်ရန် စဉ်ဆက်မပြတ် ဆေးပညာဆည်းပူးရေးအဖြစ် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များတွင် ဘွဲ့လွန်သင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိရာ ဘွဲ့လွန်ဒီပလိုမာသင်တန်း ခြောက်ခု၊ မဟာသိပ္ပံ သင်တန်း ၂၉ ခု၊ ဆေးလက်တွေ့အခြေခံပါရဂူဘွဲ့သင်တန်းရှစ်ခုနှင့် ဆေးလက်တွေ့ပါရဂူဘွဲ့သင်တန်း ၃၆ ခု အထိ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ ဘွဲ့လွန်သင်တန်းစုစုပေါင်း ၇၉ မျိုးအထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

၂၀၁၁ ခုနှစ် အထိ ကျေးလက်ကျန်းမာရေးဌာနပေါင်း ၁၅၅၈ ခု တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး ကျေးလက်ဒေသ ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောနှင့်မြို့ ကျန်းမာရေးကွာဟချက်ကျဉ်းမြောင်းစေရန် နယ်စပ်ဒေသနှင့် ဖွံ့ဖြိုးရေးဒေသများတွင် ဆေးရုံများ တိုးချဲ့ဖွင့်လှစ်ခဲ့ရာ တစ်နိုင်ငံလုံးအနေဖြင့် ဆေးရုံပေါင်း ၉၃၀ အထိ တိုးချဲ့ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်းဖြင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က ဩဂုတ် ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်) အစည်းအဝေးခန်းမ၌ ဆေးတက္ကသိုလ်(၁) ရန်ကုန်မှ ဆရာဝန် မှတ်ပုံတင်(ဆမ) ထုတ်ပေးရေးမွမ်းမံသင်တန်း (၁/၂၀၁၁) အောင်မြင်သည့် သင်တန်းသားများနှင့် တွေ့ဆုံရာ၌ ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်သူလူထုအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ပုဂ္ဂလိက ကျန်းမာရေးစောင့်ရှောက်မှုဌာနများတွင် ဆရာဝန်များ၏ အရည်အသွေးပြည့်ဝရန် အလွန်အရေးကြီးကြောင်း၊ မိမိတို့ဆောင်ရွက်ပေးရမည့် ကုသရေး၊ ပညာပေးရေး၊ လိုအပ်ပါက အချိန်မီ ဆေးရုံကြီးများသို့ လွှဲပြောင်းကုသစေခြင်းတို့ကို မိမိတို့ပညာစွမ်း၊ ဉာဏ်စွမ်းရှိသမျှ အထူးဂရုပြု လုပ်ဆောင်ပေးရမည်ဖြစ်သကဲ့သို့ ကိုယ်ချင်းစာတရားလက်ကိုင်ထား၍ လူနာများအား ဆွေမျိုးသားချင်းသဖွယ် စေတနာ၊ ကရုဏာအပြည့်ဖြင့် ပြုစုကုသပေးကြရမည်ဖြစ်ကြောင်း၊ လူနာများအား ရောဂါပျောက်ကင်းအောင် ကုသစောင့်ရှောက်မှုပေးကြရန် အရေးကြီးသကဲ့သို့ ဆရာဝန်များ စောင့်ထိန်းရမည့် ကျင့်ဝတ်သိက္ခာနှင့်

ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းစဉ်များကို မမေ့မလျော့ဘဲ စနစ်တကျ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

သင်တန်းတက်ရောက်လာကြသည့် ဆရာဝန်များအနေဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကူညီပံ့ပိုးဆောင်ရွက်ပေးကြရန်နှင့် ခေတ်မီဆေးပညာ ကုသရေးနည်းစနစ်များကို အမြဲတမ်းလက်လှမ်းမီနိုင်အောင် စဉ်ဆက်မပြတ် လေ့လာသင်ကြား ဆည်းပူးကြရန် ပြောကြားလိုကြောင်း။

နိုင်ငံတော်နှင့် ကျန်းမာရေးဝန်ကြီးဌာန၏ စေတနာနှင့် ရည်ရွယ်ချက်များကို သိရှိနားလည်သဘောပေါက်ပြီး သင်တန်းမှ ပို့ချပေးမည့် ကျန်းမာရေးအကြောင်းအရာများကို စိတ်ပါဝင်စားစွာ နာယူမှတ်သားကြရန်နှင့် ဆရာဝန်များစောင့်ထိန်းအပ်သည့် ကျင့်ဝတ်သိက္ခာကို ခိုင်မြဲအောင်ထာဝစဉ်ကြိုးစားကျင့်ကြံကြပြီး ပြည်သူများ ယုံကြည်ကိုးစားမှုကို ခံယူထိုက်သည့် ပြည်သူ့ဆရာဝန်ကောင်းများဖြစ်အောင် အထူးဂရုပြုဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသို့သွားရောက်၍ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာများ ဆောင်ရွက်နေသည့် ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနရုံး ပြင်ဆင်မွမ်းမံတည်ဆောက်မှုလုပ်ငန်းများ၊ အစည်းအဝေးခန်းမ ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(ရန်ကုန်) စာသင်ဆောင်(၁)ရှိ သွားနှင့်ခံတွင်းဆိုင်ရာ ဆရာဝန်မှတ်ပုံတင်(သခ) ထုတ်ပေးရေးမွမ်းမံသင်တန်းသားများနှင့် လည်းကောင်း၊ ဆေးတက္ကသိုလ်(၂) ရန်ကုန် စာသင်ဆောင်(၉)၌ ပါမောက္ခချုပ်နှင့် ပါမောက္ခ/ဌာနမှူးများ၊ သင်တန်းဆရာများ၊ ဆရာဝန်မှတ်ပုံတင်(ဆမ) ထုတ်ပေးရေး မွမ်းမံသင်တန်းသားများနှင့် လည်းကောင်း တွေ့ဆုံ၍ အမှာစကားပြောကြားခဲ့သည်။

(အောက်ပုံ) (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၇-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၄ ၁။ နိုင်ငံတော်သီချင်း
၇း၀၅ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

နေ့လယ်ပိုင်း

၁၁း၀၄ ၁။ နိုင်ငံတော်သီချင်း
၁၁း၀၅ ၂။ အဖွင့်သီချင်း
၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
၁၁း၂၀ ၄။ **ကာတွန်းအစီအစဉ်**
-ဟင်နရီရဲ့အိပ်မက် (အပိုင်း-၂)
၁၁း၄၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-အချစ်စုဘူးလေး
၁၂း၃၀ ၆။ ကျန်းမာသုတ
၁၂း၄၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ဖြူစင်သောနှလုံးသား (အပိုင်း-၅)

ညပိုင်း

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၁၅ ၄။ မြန်မာသံစဉ်ချိုနားဝင်
၄း၂၀ ၅။ လျှပ်တစ်ပြက်
၄း၃၀ ၆။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၄း၄၅ ၇။ မြန်မာ့ရှုခင်း
၅း၀၀ ၈။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၉။ ဒီဖိုင်နာတို့ရဲ့ဒီဖိုင်း
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၃၀ ၁၂။ ဘဝကြေးမုံ
-ပြန်လုပ်ပေးခဲ့တဲ့ကျွန်တော်
(ကြာစိ၊ လုလု၊ ဒေါ်လွင်လွင်မြင့်နှင့်သရုပ်ဆောင်များ)
[ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]
၆း၅၀ ၁၃။ ဂင်းနစ်ကမ္ဘာ့စံချိန်တင်ပြိုင်ပွဲများ
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ရတနာစံအိမ် (အပိုင်း-၄၉)
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၂၀။ ပဟေဠိနန်းတော်
၂၁။ ကျန်းမာသုတ
၂၂။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း**
-ပေါင်မုန့်အချစ်
အိပ်မက်လေးရယ် (အပိုင်း-၂၈)
၂၄။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-အိမ်အပြန်လမ်း (အပိုင်း-၇၁)

✤ ဝေလငါးမှ

အမေရိကန် ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာ လေ့လာရေးအဖွဲ့မှ သိပ္ပံပညာရှင်များသည် ချန်နယ်ကျွန်းစု အဏ္ဏဝါဘေးမဲ့ဒေသ၌ ကျက်စားသော ဝေလငါးများကို ဝေဟင်မှ လေ့လာခဲ့ကြသည်။

သုတေသီများ လိုက်ပါလာသော သုတေသနလေယာဉ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၁၀၀၀ အမြင့်မှ ပျံသန်းကာ ဝေလငါးများ သွားလာနေပုံကို သုတေသနပြု လေ့လာခဲ့သည်။

နှစ်စဉ်ကမ္ဘာတစ်ဝန်း၌ သင်္ဘောများနှင့် တိုက်မိရာမှ သေဆုံးရသော ဝေလငါးနှင့် လင်းပိုင်ငါးကောင်ရေ ထောင်ပေါင်းများစွာရှိကြောင်း၊ သင်္ဘောများသည် ဝေလငါးများနှင့် လင်းပိုင်ငါးများ ဘာသာဘာဝကျက်စားရာ နေရာဒေသများကို ဖြတ်သန်းကာ ခုတ်မောင်းရမှုများရှိကြောင်း၊ ဝေလငါးများနှင့် တိုက်မိသော ရေယာဉ်များမှာလည်း ပျက်စီးနိုင်သည့် ဘေးအန္တရာယ်ရှိကြောင်း၊ ဝေလငါးများနှင့် လင်းပိုင်ငါးများသည် လူတို့ကို တမင်တကာ ဉပဒ်ပေးလိုသော ရည်ရွယ်ချက်မရှိသော်လည်း မတော်တဆတိုက်မိသည့် ဖြစ်ရပ်များ ပေါ်ပေါက်လေ့ရှိကြောင်း လေ့လာချက်တွင် ဖော်ပြသည်။ ***အင်တာနက်။***

ရန်ကုန်မြို့ ရန်ကင်းမြို့နယ် သာယာရွှေပြည်ရိပ်မွန်နေ ကွယ်လွန်သူဖခင် ဦးအဝိန်း၊ မိခင် ဒေါ်ကျင်မှုံ၊ အစ်မ ဒေါ်ပိုးကြူတို့အား ရည်စူး၍ ဒေါ်အေးကျင်မိသားစုက ရေလှောင်ကန်သစ်ကြီးအတွက် အလှူငွေကျပ် ငါးသိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ရှိန်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။

(ကြေးမုံ)

အမျိုးသားပညာရည်မြင့်မားရေး ဖြည့်ဆည်းပေးရန်ရှိသည်များကို ဆောင်ရွက်ပေးမည် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက မိမိတို့သင်ယူတတ်မြောက်ခဲ့သည့် ဘာသာရပ်များဖြင့် လက်တွေ့နယ်ပယ်နှင့် အံဝင်ခွင်ကျအသုံးချနိုင်ရေး ကြိုးပမ်းစေလို

○ ရွှေ့ဖုံးမှ

ထို့နောက် တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက သိရှိလိုသည်များကို မေးမြန်းပြီးနောက် မှာကြားရာတွင် မိမိနှင့်အတူ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများလိုက်ပါလျက် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း ရေကြီးပျက်စီးမှုရှိသည်များကို ကြည့်ရှုစစ်ဆေးရန်နှင့် လိုအပ်ချက်များကို ပံ့ပိုးကူညီပေးရန် လာရောက်ကြခြင်းဖြစ်ကြောင်း။

ဆောင်ရွက်ပေးနိုင်ခဲ့

ပြည်နယ်ဝန်ကြီးချုပ် ရှင်းလင်းတင်ပြချက်များအရ ပြည်နယ်အတွင်း ရေကြီးမှုများကို ဒေသအစိုးရအဖွဲ့က နိုင်နိုင်နင်းနင်း ဆောင်ရွက်ပေးနိုင်ခဲ့သည်ကို သိရှိရကြောင်း။

ယခုအချိန်အခါတွင် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လျက်ရှိနေကြပြီး သဘာဝဘေးအန္တရာယ်များ တွေ့ကြုံလျက်ရှိနေကြရကြောင်း။

မြန်မာနိုင်ငံအနေဖြင့်လည်း ယမန်နှစ်ကနှင့် နှိုင်းယှဉ်ကြည့်ပါက ယခုနှစ်တွင် မိုးရွာရက်များလာသလို မိုးရွာသွန်းမှုလည်း ပိုမိုအားကောင်းသည်ကို တွေ့ရှိရကြောင်း။

ကြိုတင်စဉ်းစား

ဤကဲ့သို့သော ကမ္ဘာ့ရာသီဥတုနှင့် မိမိတို့၏ ရာသီဥတုအခြေအနေများကို လေ့လာသုံးသပ်ကြည့်ခြင်းဖြင့် ရာသီဥတုဆိုင်ရာ ပြောင်းလဲမှုများ ရှိလာနေသည်ကို သိရှိပြီး ဖြစ်ပေါ်လာနိုင်သည့် အခြေအနေများကို ကြိုတင်စဉ်းစား ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်လာပြီဖြစ်ကြောင်း။

မိုးရွာသွန်းမှု၊ ရေကြီးမှု၊ လေပြင်းတိုက်ခတ်မှု စသည့် သဘာဝဘေးအန္တရာယ်များနှင့်အတူ နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် စိုက်ပျိုးရေးဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊ လူမှုရေးဆိုင်ရာ အခက်အခဲပြဿနာများကိုပါ ထည့်သွင်းစဉ်းစား၍ ကြိုတင်ပြင်ဆင်မှု၊ ကာကွယ်မှုများ ဆောင်ရွက်ကြရန် လိုလာပြီဖြစ်ကြောင်း။

မိုးများလွန်းခြင်း၊ နည်းလွန်းခြင်း၊ အချိန်အခါမဟုတ် ရွာသွန်းခြင်း စသည့် ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုး၊ ရိတ်သိမ်း၊ ခြွေလှေ့ စသည့် လုပ်ငန်းစဉ်များအတွက် ဆုံးရှုံးမှုမရှိအောင်၊ ပျက်စီးမှုကို အချိန်မီ အစားထိုးနိုင်အောင် ကြိုတင်စဉ်းစား ဆောင်ရွက်ထားရန်လည်းလိုကြောင်း။

ဆောင်ထားရန်လို

ထို့အပြင် ရာသီဥတုကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လာပါက မြန်မြန်ဆန်ဆန် ပြန်လည်ထူထောင်ရေး၊ ရေဘေး တွေ့ကြုံခံစားရသူများအတွက် နေရေး၊ စားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် အသက်မွေးမှုလုပ်ငန်းများကအစ ပြန်လည်အခြေချ ဆောင်ရွက်နိုင်သည်အထိ စဉ်းစားဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ကယ်ဆယ်ရေးပစ္စည်းများ၊ သီးနှံအရန်မျိုးများ၊ ရိတ်သိမ်းခြွေလှေ့ရန် လိုအပ်သောစက်များကိုပါ အရန်အဖြစ် ဆောင်ထားရန်လိုကြောင်း။

မိမိတို့တွင် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ အတွေ့အကြုံများလည်းရှိပြီးဖြစ်၍ ကြိုတင်ကာကွယ်မှုလုပ်ငန်းများကို အလေးထား ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

ထို့အပြင် မိမိတို့ ယနေ့ နိုင်ငံတော်သမ္မတ ဦးစီးဆောင်ရွက်လျက်ရှိသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် လုပ်ငန်း(၈)ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်သမ္မတ ဦးစီးသည့် ဗဟိုကော်မတီကို ဖွဲ့စည်းထားရှိပြီး ဆပ်ကော်မတီများတွင် ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များကိုလည်း အဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းထားပြီးဖြစ်ကြောင်း။

လက်တွေ့ကျကျ

ဤလုပ်ငန်းစဉ်များအရ တောင်သူလယ်သမားများ၊ လက်လုပ်လက်စားများအတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သည့် အရင်းအနှီးရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးနေခြင်းဖြစ်သော်လည်း မှန်မှန်ကန်ကန် ဖြစ်စေရန်နှင့် ရေရှည်အောင်မြင်ရန်အတွက် လက်တွေ့ကျကျ အကျိုးရှိစေအောင် ဆောင်ရွက်ကြရန်လိုကြောင်း။

မိမိဒေသအခြေအနေအရ နိုင်နိုင်နင်းနင်း စဉ်းစားဆောင်ရွက်ရန် ဖြစ်ကြောင်း၊ အလွဲသုံးစားမှုများ၊ မမှန်မကန်မှုများ မရှိအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ တောင်သူများအတွက် လိုအပ်သည့် အရင်းအနှီးများကို လိုအပ်သည့်အချိန်တွင် ရရှိအောင် ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

အနီးကပ်ကြီးကြပ်

ဤကဲ့သို့ တောင်သူများ၊ လက်လုပ်လက်စားများ၏ အသက်မွေးဝမ်းကျောင်းမှု စီးပွားရေးလုပ်ငန်းများအတွက် စဉ်ဆက်မပြတ် ကူညီဆောင်ရွက်ပေးနိုင်ရေး စနစ်တကျ မှန်မှန်ကန်ကန်ဖြစ်အောင် အနီးကပ်ကြီးကြပ်ပေးသွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ ဗဟိုလမ်းနှင့် ထားဝယ်တံတား လမ်းထောင့်ရှိ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ယဉ်ကျေးမှုပြတိုက်နှင့် စာကြည့်တိုက်သို့ ရောက်ရှိကြပြီး ယဉ်ကျေးမှုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ၊ ရှေးဟောင်း မွန်ပရိဘောဂပစ္စည်းများနှင့် ဗုဒ္ဓဆင်းတုတော်ပြခန်းများကို လှည့်လည် ကြည့်ရှုလေ့လာကြရာ မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်နိုင်မိုးတို့က ရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယသမ္မတသည် မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ဆရာ၊ ဆရာမကြီးများအား တွေ့ဆုံသည်။

ရှေးဦးစွာ ဒုတိယသမ္မတအား မွန်ပြည်နယ်ပညာရေးမှူး ဦးမြင့်ဆွေက မွန်ပြည်နယ်ပညာရေးမှူးရုံး၏ ပညာရေးကဏ္ဍဆောင်ရွက်မှု၊ ပြည်နယ်အတွင်း ကျောင်းများဖွင့်လှစ်ထားရှိမှု၊ ကျောင်းသားဦးရေ၊ ဆရာ၊ ဆရာမဦးရေ၊ ဆရာနှင့် ကျောင်းသားအချိုး၊ e-Education Learning Centre များ၊ ပညာရည်မြင့်မားရေး အထောက်အကူပြု စာသင်ခန်းများ ဖွင့်လှစ်ထားရှိမှု၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်မှု၊ အခြေခံပညာကျောင်း အဆောက်အအုံအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတက မှာကြားရာ မိမိတို့အဖွဲ့သည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်း မိုးရွာသွန်းမှုကြောင့် မြစ်ရေကြီးခြင်း၊ လေပြင်းတိုက်ခတ်ခြင်း စသည့် သဘာဝဘေးအန္တရာယ် ကျရောက်ပျက်စီးမှု အခြေအနေများကိုကြည့်ရှုရန် လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤခရီးစဉ်အတွင်း မွန်ပြည်နယ်၏ အခြေခံနှင့် အဆင့်မြင့်ပညာရေးကဏ္ဍ အခြေအနေများကိုပါ လာရောက်ကြည့်ရှုခြင်း ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည့် မျိုးဆက်သစ် လူ့စွမ်းအားအရင်းအမြစ်များကို ပညာရေးကဏ္ဍ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး ရည်မှန်းချက်ဖြင့် ပညာရေးကဏ္ဍ အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ဂုဏ်ယူ

ထို့ကြောင့် ပညာရေးကဏ္ဍတွင် တာဝန်ယူနေကြသည့် ဆရာ၊ ဆရာမများအနေဖြင့် နိုင်ငံတော်၏ အဓိကကျသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစု လေ့ကျင့်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေကြသူများ ဖြစ်၍ ဂုဏ်ယူပါကြောင်း။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်တွင် မွန်ပြည်နယ်၏ အခြေခံပညာအထက်တန်း စာမေးပွဲအောင်ချက် ရာခိုင်နှုန်းမှာ ပျမ်းမျှ ၄၃ ဒသမ ၃၃ ရာခိုင်နှုန်းရှိသဖြင့် မွန်ပြည်နယ်၏ အခြေခံပညာကဏ္ဍသည် ကောင်းမွန်သည့် အနေအထားဖြစ်ကြောင်း။

ဤအခြေအနေကို ကြည့်ခြင်းအားဖြင့် မိဘများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ကျောင်းသားများ၏ ကြိုးစားသင်ယူမှု၊ ဆရာ၊ ဆရာမများ၏ စာပေသင်ကြားလိုစိတ်ရှိအောင် လေ့ကျင့်ပြုစုပေးခဲ့မှုတို့၏ ရလဒ်ပင် ဖြစ်ပါကြောင်း။

နိုင်ငံတော်က ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေး၊ မူလတန်းပညာပြီးဆုံးအောင် စဉ်ဆက်မပြတ်သင်ယူနိုင်ရေးတို့အတွက် ဆောင်ရွက်လျက်ရှိရာ ဆောင်ရွက်မှုသည်လည်း အရှိန်ရလာနေပြီ ဖြစ်ပါကြောင်း။

ဤကဲ့သို့ နိုင်ငံတော်က အလေးထားဆောင်ရွက်ပေးမှုကြောင့် ယနေ့ဆိုလျှင် ကလေးသူငယ်များနှင့် မိဘတို့အကြား ပညာကို လိုလိုလားလား သင်ယူလိုသည့်စိတ်ဓာတ်များလည်း တိုးပွားလာလျက်ရှိနေကြောင်း။

နိုင်ငံတော် အပိုင်းကလည်း ပညာသင်ယူမှု အခွင့်အလမ်းများ လွယ်လွယ်ကူကူ သင်ယူရရှိရေးအတွက် ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိပါကြောင်း။

ဖွင့်လှစ်ပေးလျက်ရှိ

မူလတန်းပညာ ပြီးဆုံးသွားပါကလည်း အလယ်တန်း၊ အထက်တန်းပညာများကို ဆက်လက်သင်ယူနိုင်ရေးအတွက် အချို့ သွားလာမှုခက်ခဲသည့် ဒေသများတွင် မူလွန်ကျောင်းများ ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကျောင်းအတွင်း ကွပ်ကဲမှုနိုင်နိုင်နင်းနင်းဖြစ်ရေး၊ သင်ကြားမှု အရည်အသွေး ပြည့်ဝရေးတို့အတွက် စနစ်တကျ ဆောင်ရွက်ပေးကြရန် မှာကြားလိုပါကြောင်း။

အုပ်ချုပ်ရေးအပိုင်း ကောင်းမွန်လာသည်နှင့်အမျှ သင်ကြားမှုအရည်အသွေးလည်း တိုးတက်လာနိုင်မည်ဖြစ်ကြောင်း၊ အရေအတွက်ထက် အရည်အချင်းပြည့်ဝရေးကိုလည်း ဦးစားပေးသင်ကြားပေးရန်လိုကြောင်း၊ ဆရာ၊ ဆရာမများ၏ သင်ကြားမှု အရည်အသွေးမြင့်မားရေး၊ သင်ကြားမှု ပိုမိုထိရောက်ရေးအတွက်လည်း အစီအစဉ်များ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ယနေ့ စာပေသင်ကြားရေးအတွက် သင်ထောက်ကူပစ္စည်းများကို ပြည့်ပြည့်စုံစုံ အသုံးပြုသင်ကြားပေးနိုင်ရန်လည်း ဆက်လက်ကြိုးပမ်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ သင်ထောက်ကူပစ္စည်းများ အသုံးပြုသင်ကြားခြင်းဖြင့် ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားရာတွင် ပိုမိုစိတ်ပါဝင်စားမှုရှိလာပြီး စာတွေ့လက်တွေ့ တိုးတက်လာနိုင်သည့် အကျိုးကျေးဇူးများ ရရှိလာမှာဖြစ်ကြောင်း၊ ယင်းမှတစ်ဆင့် ကျောင်းပြင်ပလုပ်ငန်းများနှင့် အံဝင်ခွင်ကျဖြစ်သည့် ပညာရှင်များအဆင့် ရောက်ရှိလာနိုင်မှာဖြစ်ပါကြောင်း၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မွန်ပြည်နယ်၏ ပညာရေးအဆင့်အတန်းကို ဆင့်ကဲဆင့်ကဲ တိုးတက်အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်းဖြင့် မှာကြားသည်။

ကြည့်ရှုအားပေး

ယင်းနောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိကြပြီး ခင်းကျင်းပြသထားသည့် ဘာသာရပ်အလိုက် ပါရဂူဘွဲ့ကျမ်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဒုတိယသမ္မတအား တက္ကသိုလ်ခန်းမ၌ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာငွေးအောင်က တက္ကသိုလ်၏ သမိုင်းအကျဉ်း၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ အထူးပြုဘာသာရပ်အလိုက် သင်ကြားပေးလျက်ရှိသည့် ကျောင်းသားဦးရေ၊ အတန်းအလိုက်၊ မြို့နယ်အလိုက် တက်ရောက်သည့် ကျောင်းသားဦးရေ၊ သင်ကြားရေးအတွက် အသုံးပြုလျက်ရှိသော အခန်းများ၊ IT Centre Room များ၊ ဝန်ထမ်းရေးရာဆိုင်ရာများ၊ တည်ဆောက်ပြီး အဆောက်အအုံများ၊ တည်ဆောက်ဆဲလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယသမ္မတက မှာကြားရာတွင် နိုင်ငံတော်အနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာရှိ လူငယ်လူရွယ်များ အဆင့်မြင့်ပညာရပ်များကို လွယ်လွယ်ကူကူ သင်ယူနိုင်ရေး ရည်ရွယ်ချက်ဖြင့် ဒေသအလိုက် တက္ကသိုလ်များကို ဖွင့်လှစ်ပေးလျက်ရှိကြောင်း။

ယခု မော်လမြိုင်တက္ကသိုလ်သည် ၁၉၅၃ ခုနှစ်က စတင်၍ ဖွင့်လှစ်ခဲ့သဖြင့် နှစ်ပေါင်း ၆၀ နီးပါး သက်တမ်းရှိပြီး အခြေခိုင်မာသည့် တက္ကသိုလ်ကြီးအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ဒေသနေပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက မွန်ပြည်နယ်ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် ဆက်လက် အောင်အောင်မြင်မြင်ရပ်တည်နိုင်ရန် ကြိုးပမ်းသွားကြရန်လိုကြောင်း။

ဤတက္ကသိုလ်တွင် သင်ကြားပို့ချပေးလျက်ရှိသည့် အဏ္ဏဝါသိပ္ပံဘာသာရပ်သည် ဒေသတွင်ရှိပြီးဖြစ်သည့် သဘာဝ

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး မော်လမြိုင်တက္ကသိုလ်၌ ခင်းကျင်းပြသထားသည့် ဘာသာရပ်အလိုက် ပါရဂူဘွဲ့ကျမ်းများကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ သီဟသူရ ဦးတင်အောင်မြင့်ဦး သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ခမီမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင် မြတ်ဘုရားကြီးအား ဖူးမြော်ကြည်ညိုစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ကိုယ
မွန်ပြည်နယ်ရုံးဖွင့်လှစ်

နေ

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူ
စွမ်းသုံး အထောက်အကူပြုပစ္စည်းများ ပေးအ
ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝ

ထို့နောက် မြန်မာနိုင်ငံ ကိုယ်အင်္ဂါ
အသင်းဥက္ကဋ္ဌ ဦးမြတ်ဦးက အသင်းဖွဲ့စည်းပုံ
ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြ

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က
အထောက်အကူပြုပစ္စည်းများ၊ ပညာသင်စရိတ်
စာရေးကိရိယာများကို ပေးအပ်သည်။ ဆက်လ
များက မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်း
အလှူငွေများ ပေးအပ်လှူဒါန်းကြရာ
သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ

အရင်းအမြစ်များကို ဖော်ထုတ်၍ အကျိုးရှိရှိ အသုံးပြုနိုင်သည့် ဘာသာရပ်ဖြစ်ကြောင်း၊ ဒေသစီးပွားရေးတွင် အထောက်အကူဖြစ်စေသည့် ဘာသာရပ်ဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝသည့် ပညာရှင်များဖြစ်အောင် လေ့ကျင့်သင်ကြားပေးရန်လိုကြောင်း၊ အဏ္ဏဝါသိပ္ပံဆိုင်ရာ လက်တွေ့အသုံးချနိုင်သည့် သုတေသန လုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ဘွဲ့ယူ သုတေသန စာတမ်းများသည်လည်း လက်တွေ့အသုံးချနိုင်သည့် စာတမ်းများ၊ သုတေသနပြုချက်များဖြစ်ရန် လိုကြောင်း။

ထို့အပြင် မွန်ပြည်နယ်သည် ရော်ဘာအဓိကစိုက်ပျိုးသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ ယနေ့ ကမ္ဘာတွင် စက်မှုကုန်ကြမ်းဖြစ်သည့် ရော်ဘာလိုအပ်ချက် မြင့်တက်လျက်ရှိပြီး ဈေးကောင်းလည်းရနေကြောင်း၊ ရော်ဘာကို ကုန်ကြမ်းအဖြစ် ရောင်းချခြင်းမပြုဘဲ တန်ဖိုးမြှင့် ထုတ်လုပ်ရောင်းချနိုင်ရေးအတွက် ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ၎င်းတက္ကသိုလ်မှ သုတေသနပြု ကြိုးပမ်းဆောင်ရွက်ရန် လိုကြောင်း။

စေတီတော်မြတ်ကြီးသို့ ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် ဒုတိယသမ္မတသည် စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဓမ္မလက်ဆောင်အဖြစ် သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီးပုံတော်ကို ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့၏ ဖွံ့ဖြိုးတိုးတက်စည်ပင်သာယာမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ခမိမြို့ ဆုတောင်းပြည့် ရေလယ်ဆံတော်ရှင်မြတ်ဘုရားကြီးသို့ ရောက်ရှိကြပြီး ဘုရားကြီးအား ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ရွှေသင်္ကန်းတို့ကို ကပ်လှူပူဇော် ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။

နှစ်နိုင်ငံနယ်စပ်၌ ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့သော ထိုင်းကြည်းတပ်၏ ရဟတ်ယာဉ် ပြန်လည်ရှာဖွေရေးလုပ်ငန်း ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများအတွက်

ကျေးဇူးတင်ရှိပါကြောင်း ထိုင်းနိုင်ငံဘက်မှပြန်ကြား

နေပြည်တော် ဩဂုတ် ၆

၂၀၁၁ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်၌ ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့သော ထိုင်းကြည်းတပ်၏ Black Hawk ရဟတ်ယာဉ် ပြန်လည်ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်ပေးခဲ့မှုများအတွက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာစစ်ဘက်ဆိုင်ရာတာဝန်ရှိသူများအား ထိုင်းအစိုးရ၊ ထိုင်းဘုရင့်တပ်မတော်တို့က ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi မှတစ်ဆင့် ဇူလိုင် ၂၇ ရက်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ စာတစ်စောင်ပေးပို့လာကြောင်း သိရှိရသည်။

အဆိုပါစာ၌ ၂၀၁၁ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက်ပိုင်းက မြန်မာ-ထိုင်း နှစ်နိုင်ငံနယ်စပ်၌ ရာသီဥတုဆိုးရွားမှုကြောင့် ပျက်ကျခဲ့သော ထိုင်းကြည်းတပ်၏ Black Hawk ရဟတ်ယာဉ် ပြန်လည်ရှာဖွေရေး လုပ်ငန်းများ ဆောင်ရွက်ရာတွင် နှစ်နိုင်ငံတပ်မတော်အကြား ပူးပေါင်းကြိုးပမ်းအားထုတ်ဆောင်ရွက်ခဲ့မှုများကြောင့် ယင်းရဟတ်ယာဉ်အစိတ်အပိုင်းများနှင့်ရဟတ်ယာဉ်ပေါ်တွင် လိုက်ပါသွားသော အမှတ်(၉)ခြေလျင်စစ်တိုင်းမှူး Major General Tawan Ruangsri အပါအဝင် ထိုင်းစစ်သည်များ၏ ရုပ်အလောင်းများကို အောင်မြင်စွာ ရှာဖွေတွေ့ရှိခဲ့ပါကြောင်း။

ယင်းသို့ နှစ်ဖက်အောင်မြင်စွာ ပူးပေါင်းဆောင်ရွက်ခဲ့မှုများသည် မိမိတို့နှစ်နိုင်ငံအစိုးရအကြားနှင့် တပ်မတော်နှစ်ရပ်အကြား အနာဂတ် ပူးပေါင်းဆောင်ရွက်ရေးအတွက် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုကို ဖြစ်ပေါ်စေပါကြောင်းဖြင့် ဖော်ပြပါရှိသည်။ (သတင်းစဉ်)

၁၉၅၃ ခုနှစ်က စတင်၍ ဖွင့်လှစ်ခဲ့သဖြင့် နှစ်ပေါင်း ၆၀ နီးပါး သက်တမ်းရှိပြီး အခြေခိုင်မာသည့် တက္ကသိုလ်ကြီးအဖြစ် ရပ်တည်လျက်ရှိကြောင်း၊ သို့ဖြစ်၍ ဒေသနေပြည်သူများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများက မွန်ပြည်နယ်ဂုဏ်ဆောင် တက္ကသိုလ်ကြီးအဖြစ် ဆက်လက် အောင်အောင်မြင်မြင်ရပ်တည်နိုင်ရန် ကြိုးပမ်းသွားကြရန်လိုကြောင်း။

၎င်းတက္ကသိုလ်တွင် သင်ကြားပို့ချပေးလျက်ရှိသည့် အဏ္ဏဝါသိပ္ပံဘာသာရပ်သည် ဒေသတွင်ရှိပြီးဖြစ်သည့် သဘာဝ

နိုင်ငံတော်အပိုင်းကလည်း အမျိုးသားပညာရည် မြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရန် ရှိသည်များကို ဆက်လက်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအပိုင်းကလည်း မိမိတို့ သင်ယူတတ်မြောက်ခဲ့သည့် ဘာသာရပ်များဖြင့် လက်တွေ့နယ်ပယ်နှင့် အံဝင်ခွင်ကျ အသုံးချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် သမိုင်းဝင် ကျိုက်သလွံ

ယင်းနောက် ဒုတိယသမ္မတက ရေငန်တိုက်စားမှုကြောင့် ပြုပြင်ရန်လိုအပ်နေသော ဘုရားဖူးပြည်သူများ သွားလာသည့် စင်္ကြံကျောက်လမ်းကို ဆောက်လုပ်ရေးပညာရှင်များ၊ ဗိသုကာပညာရှင်များ၊ ဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များ ပေါင်းစပ်ညှိနှိုင်းပြီး ပြုပြင်ဆောင်ရွက်သွားကြရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်းနှင့် အဆိုပါ စင်္ကြံလမ်း ပြုပြင်နိုင်ရန်အတွက် အလှူငွေများ လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း မွန်ပြည်နယ်ရုံးဖွင့်လှစ်ခြင်း တစ်နှစ်ပြည့် အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၆

မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း မွန်ပြည်နယ်ရုံး ဖွင့်လှစ်ခြင်း တစ်နှစ်ပြည့် အခမ်းအနားနှင့် မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ဩဂုတ် ၂ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးမြတ်ဦးက အသင်းဖွဲ့စည်းပုံ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မသန်စွမ်းသုံး အထောက်အကူပြုပစ္စည်းများ၊ ပညာသင်စရိတ်နှင့် ကျောင်းသုံးစာရေးကိရိယာများကို ပေးအပ်သည်။ ဆက်လက်၍ အလှူရှင်များက မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းကြရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာတိုးတိုးအောင်နှင့် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦးတို့က လက်ခံကြပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများအသင်း မွန်ပြည်နယ်ရုံး ဥက္ကဋ္ဌ ဦးသန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ညနေပိုင်းတွင် မွန်ပြည်နယ်ရုံး အောင်ဆန်းခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၁)သို့ တက်ရောက်ပြီး အမှာစကားပြောကြားခဲ့သည်။

(သတင်းစဉ်)



မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၈-၂၀၁၁ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၀ ၂။ ဘဒ္ဒန္တသောဘဏ (အဘိဓဇမဟာရဋ္ဌဂုရု) နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ၊ ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက် ဗဟန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း
- ၇:၂၀ ၃။ FIFA U-20 WORLD CUP 2011 ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဆော်ဒီအာရေဗီးယားအသင်းနှင့် နိုင်ဂျီးရီးယားအသင်း)
- ၄။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၀ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၀ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြိုးတစ်မျှင်" (အပိုင်း-၆၆)**
- ၁၂:၃၀ ၅။ Golf Magazine (TV)
- ၁၂:၅၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကိုယ်တိုင်ရေးပုံတူ" (မင်းမော်ကွန်း၊ နန္ဒာလှိုင်၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကျော်ဇောလင်း)**
- ၂:၂၀ ၇။ ဂီတသံစဉ်အလှဆင်
- ၂:၃၅ ၈။ အတီးပြိုင်ပွဲ
- ၂:၅၀ ၉။ International News
- ၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၄၅ ၁။ Myanmar National League MNL Grand Royal Cup 2011 ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ရက္ခပူရယူနိုက်တက်အသင်းနှင့် Southern Myanmar အသင်း)
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ **ကာတွန်းအစီအစဉ် "ရေငုပ်သမားလေးအိုလီ" (အပိုင်း-၄)**
- ၆:၄၀ ၆။ ASEAN အဖွဲ့ဝင် မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များ
- ၆:၄၅ ၇။ တစ်မျက်နှာတစ်ကွက်စာ "ထင်မိယောင်မှား" (မင်းရာဇာ၊ ဆုပန်ထွာ၊ ဗိုသီရိခေတ်) (ဒါရိုက်တာ-မေတင် (MMG))
- ၇:၀၀ ၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နတ်ရေးငယ်တဲ့ ရွှေဖူးစာ" (အပိုင်း-၄)**
- ၈:၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (ဒုတိယတွဲ)(အပိုင်း-၃၈)**
- ၁၃။ မြန်မာဗီဒီယိုဇာတ်လမ်း "ထီးကလေး" (ခန့်စည်သူ၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ-ဇော်မြင့်ဦး)
- ၁၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၁၅။ အစီအစဉ်ပြီး၏။

❋ ကျောဖုံးမှ

ယခုဆောင်ရွက်မှုများသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့ပြီး ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးနေခြင်းဖြစ်သည်ကိုလည်း သိရှိထားရန်လိုအပ်ကြောင်း၊ ယင်းလုပ်ငန်းများသည် ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများဖြစ်၍ အားနည်းချက်၊ အားသာချက်များကို အမြဲပြန်လည်သုံးသပ်ကာ အားနည်းချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်သွားကြရန် လိုကြောင်း။

ဝန်ထမ်းတိုင်း မှန်ကန်သောအတွေးအခေါ်များအပေါ် အခြေခံ၍ ယုံကြည်ချက်၊ ခံယူချက်ပြည့်ဝစွာဖြင့် စေတနာထားဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ ပြည်သူနှင့် ထိတွေ့ဆက်ဆံရာတွင် ဝန်ထမ်းကောင်းပီသစွာ ပြောဆိုကျင့်ကြံဆောင်ရွက်၍ လာဘ်ပေးလာဘ်ယူမှု ကင်းရှင်းရန်လိုကြောင်း၊ ယခုဆောင်ရွက်ချက်များသည်ထိရောက်အောင်မြင်မှုများ ရရှိနေပြီဖြစ်၍ အရှိန်အဟုန်မပျက် ဆက်လက်တိုးတက်အောင်မြင်ရေးအတွက် တာဝန်သိသိ၊ သစ္စာရှိရှိ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားခဲ့သည်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၆

၂၀၁၁ ခုနှစ် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့နံနက် ၉ နာရီတွင် ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ကျင်းပရာ အမျိုးသမီးပွဲစဉ်တွင် ငပုတောမြို့နယ်အသင်းနှင့် ပန်းတနော်မြို့နယ်အသင်း၊ အမျိုးသားပွဲစဉ်တွင် ညောင်တုန်းမြို့နယ်အသင်းနှင့် ကန်ကြီးထောင့်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပန်းတနော်မြို့နယ် အမျိုးသမီးအသင်းနှင့် ညောင်တုန်းမြို့နယ် အမျိုးသားအသင်းတို့ အနိုင်ရသွားကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးများက အမျိုးသမီးအသင်းလိုက် ပြိုင်ပွဲနှင့် အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ဒုတိယဆုရ အသင်းများနှင့် ပထမဆုရအသင်းများ၊ အကောင်းဆုံး အမျိုးသမီးအားကစားသမားဆုနှင့် အကောင်းဆုံးအမျိုးသားအားကစားသမားဆုရရှိကြသူများအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ကိုယ်စား လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး မောင်မောင်ဝင်းက အမျိုးသမီးပြိုင်ပွဲ ပထမဆုရ ပန်းတနော်မြို့နယ်အသင်းနှင့် အမျိုးသားပြိုင်ပွဲ ပထမဆုရ ညောင်တုန်းမြို့နယ်အသင်းတို့အား တံခွန်စိုက်ဆုဖလားများကို ပေးအပ်ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)

လားရှိုးအထက၌ နိုင်ငံသား စိစစ်ရေးကတ်ပေးအပ်

လားရှိုး ဩဂုတ် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးဌာနမှူး၏ အနီးကပ်ကြီးကြပ်မှုဖြင့် လားရှိုးမြို့ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူ၊ အသက်(၁၀)နှစ်ပြည့် ကျောင်းသား၊ ကျောင်းသူ ၁၆၂ ဦးတို့အား ဇူလိုင် ၃၁ ရက်တွင် ပြည်နယ်ဦးစီးဌာနမှူး ဦးမြင့်ကိုကိုက နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်သည်။

(၅၃၃)

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ   **ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ**   **ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ**

နေပြည်တော် FC ဘောလုံးကွင်းသစ် ဖွင့်ပွဲကျင်းပ

အိမ်ကွင်းအဖွင့်ပွဲစဉ်တွင် ကမ္ဘောဇဆီမှ အမှတ်ယူခဲ့သည့် နေပြည်တော် လက်ရှိချန်ပီယံ ရတနာပုံကို ဇေယျာရွှေမြေ ထပ်မံအနိုင်ယူ

နေပြည်တော် FC ဘောလုံးအသင်း၏ ဘောလုံးကွင်းသစ်(အိမ်ကွင်း)ဖွင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက စတင်ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် နာမည်ကြီး အကအဖွဲ့များ၊ ရုပ်ရှင်သရုပ်ဆောင်များက ဖျော်ဖြေတင်ဆက်ကြပြီး ကွင်းသစ်ကြီးအား နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်၊ မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၊ နေပြည်တော် FC အသင်းပိုင်ရှင် ဦးဖြိုးကိုကိုတင့်ဆန်း၊ အာရှဘောလုံးအဖွဲ့ချုပ် ပြိုင်ပွဲကျင်းပရေးမန်နေဂျာ ဘင်ဂျမင်တန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။(ယာပုံ)

ထို့နောက် ပြိုင်ပွဲကို ဆက်လက်ကျင်းပရာ နေပြည်တော် FC နှင့် ကမ္ဘာ့ဇ FC အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲ ဖြစ်သွားသည်။

ကမ္ဘာ့ဇ FC အတွက် အဖွင့်ဂိုးကို ဒုတိယပိုင်း ၅၅ မိနစ်တွင် မိုင်းအိုက်နိုင်ဂိုးရှေ့သို့ ကန်တင်ပေးလိုက်သော ဘောလုံးကို စိုးမင်းဦးက ခေါင်းတိုက်သွင်းယူပြီး နေပြည်တော် FC အသင်းအတွက် ချေပဂိုးကို ဒုတိယပိုင်း ၆၁ မိနစ်တွင် ပြည့်ဖြိုးဦးကသွင်းယူခဲ့ရာ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

ဗထူးကွင်း

ဇေယျာရွှေမြေ - နှစ်ဂိုး

သတင်းနှင့် ဓာတ်ပုံ
ဇော်မင်းအောင်

(ဒါဆေးလ်ဗား၊ မင်းချစ်သူ)

ရတနာပုံ - တစ်ဂိုး

(ရန်ပိုင်-ပယ်နယ်တီ)

ပထမအကျော့က အိမ်ကွင်းတွင် ဂိုးပြတ်အနိုင်ရထားသည့် ဇေယျာရွှေမြေအသင်းမှာ ယခုဒုတိယအကျော့ အဝေးကွင်းတွင်လည်း ရတနာပုံကို ထပ်မံအနိုင်ယူနိုင်ခဲ့သည်။ လက်ရှိချန်ပီယံ ရတနာပုံအသင်းမှာ ပွဲအစတွင် ရရှိခဲ့သော ဦးဆောင်ဂိုးကို မထိန်းနိုင်၍ ဇေယျာရွှေမြေကို နှစ်ကျော့စလုံး အရှုံးပေးခဲ့ရသည်။

ပွဲအစ သုံးမိနစ်မှာပင် ရန်ပိုင်က ပယ်နယ်တီမှတစ်ဆင့် ရတနာပုံအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သော်လည်း ၁၂ မိနစ်တွင် ဒါဆေးလ်ဗားက ခေါင်းတိုက်ပြီး ဇေယျာရွှေမြေအတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး အနိုင်ရရှိရေး ကြိုးစားကြရာ ပွဲမှာ အကြိတ်အနယ်ရှိခဲ့ပြီး ရတနာပုံမှ ရန်ပိုင်၏ကန်ချက် ဂိုးဘားထိကာ ပိုင်စိုးနှင့် ကိုနေးတို့၏ ကန်ချက်များလွဲချော်ခဲ့၍ နစ်နာခဲ့ရသည်။ ဇေယျာရွှေမြေအတွက် အနိုင်ဂိုးကို ၆၈ မိနစ်တွင် ကျော်ကိုကိုက ရတနာပုံနောက်ခံလူနှစ်ဦးကို လိမ်ကာ ဖန်တီးပေးမှုကို မင်းချစ်သူက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။

အောင်ဆန်းကွင်း

ဧရာဝတီယူနိုက်တက် -တစ်ဂိုး
ဥဿာယူနိုက်တက် -တစ်ဂိုး

ယနေ့ပွဲ

သုဝဏ္ဏကွင်း

ရက္ခပူရယူနိုက်တက် -
Southern Myanmar
(အောင်ဆန်းကွင်း)
မနောမြေ - မကွေး

နေပြည်တော်မှ ဂွန်နသန်၏ ခေါင်းတိုက်ဂိုးသွင်းရန် ကြိုးစားမှုကို ကမ္ဘောဇဂိုးသမား ကာကွယ်စဉ်။

သတင်းနှင့် ဓာတ်ပုံ
ရှိုင်းထက်ဇော်

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် ဩဂုတ် ၆

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၁၁ ခုနှစ် ပဥ္စမအကြိမ် နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများကို သတ်မှတ်နေရာများ၌ ဆက်လက်ကျင်းပသည်။

အမှတ်(၂)နေပြည်တော်အားကစားကွင်း (ခခ)အုပ်စု

သစ်တောရေးရာဝန်ကြီးဌာန နှစ်ဂိုး

(လင်းထက်ကျော်၊ သီဟစိုး)

ဟိုတယ်/ခရီးဝန်ကြီးဌာန တစ်ဂိုး

(ဇော်ဝင်းထွန်း)

(ဒိုင်လူကြီး)ဦးဆန်းဌေး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

နေပြည်တော်လယ်ဝေးအားကစားကွင်း (ခခ)အုပ်စု

လယ်ယာ/ဆည်မြောင်းဝန်ကြီးဌာန သုံးဂိုး

(နေဝင်းထွန်း - နှစ်ဂိုး၊ ငြိမ်းတေဇာဝင်း)

စီးပွား/ကူးသန်းဝန်ကြီးဌာန တစ်ဂိုး

(တင်ဇော်လင်း)

(ဒိုင်လူကြီး)ဦးတင်ထွန်းလေး(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်)

၈-၈-၂၀၁၁ ရက်နေ့ ပွဲစဉ်များ

အမှတ်(၂) နေပြည်တော်အားကစားကွင်း (ဂဂ)အုပ်စု

ဘဏ္ဍာ/အခွန် နှင့် အားကစား

နေပြည်တော် လယ်ဝေးအားကစားကွင်း (ဂဂ) အုပ်စု

ကာကွယ်ရေး နှင့် အလုပ်သမား

(၁၀၇)

တိုင်းဒေသကြီးနှင့် ပြည်နယ်သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဩဂုတ် ၆

၂၀၁၁ ခုနှစ် နဝမအကြိမ်မြောက် မြန်မာနိုင်ငံ အမျိုးသားအားကစား ကော်မတီဥက္ကဋ္ဌဖလား သိုင်းပြိုင်ပွဲနှင့် (၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်သိုင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူကြပြီး မြန်မာနိုင်ငံ အမျိုးသားအားကစားကော်မတီ တွဲဖက်အတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်ထံ ယမန်နှစ် ချန်ပီယံ ရန်ကုန်တိုင်းဒေသကြီး အသင်းက လက်သိုင်းတံခွန်စိုက်ဒိုင်းဆု၊ ဓားသိုင်းတံခွန်စိုက်ဒိုင်းဆု၊ စွမ်းရည်ပြတံခွန်စိုက်ဒိုင်းဆုနှင့် စွယ်စုံတံခွန်စိုက်ဒိုင်းဆုတို့ကို ပြန်လည်အပ်နှံကြသည်။

(၁၄)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်သိုင်းပြိုင်ပွဲ ကျင်းပစဉ်။
(သတင်းစဉ်)

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ၁၃ သင်း၊ ဌာနဆိုင်ရာများမှ လေးသင်း စုစုပေါင်း ၁၇ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ယနေ့တွင် ပန်ကြပ်ဆီလပ်နှင့် ဓားတစ်လက် အတိုက်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

(သတင်းစဉ်)

ကွန်မြူနတီဒိုင်းကို လုကြမည့် မန်ချက်စတာ ဒါဘီပွဲ

၂၀၁၁-၂၀၁၂ ဘောလုံးရာသီ၏ အင်္ဂလိပ်ပရီမီယာလိဂ် ဘောလုံးပွဲစဉ်များကို မကြာမီ ကျင်းပတော့မည်ဖြစ်သည်။ ထိုပွဲစဉ်များ မကျင်းပမီ တစ်ပတ်အလိုတွင် ကျင်းပနေကျဖြစ်သည့် ကွန်မြူနတီဒိုင်းပြိုင်ပွဲကို ဩဂုတ် ၇ ရက်(ယနေ့ည) ၉း၃၀ နာရီတွင် ဝင်ဘလေကွင်း၌ ကျင်းပမည်ဖြစ်သည်။

မန်စီးတီးအသင်း၏ တောင်ပံတွင် ခြေစွမ်းပြလာမည့် အဒမ်ဂျွန်ဆင်။

ရန်ပုံငွေရှာဖွေပွဲဖြစ်သည့် ဤကွန်မြူနတီဒိုင်းလုပွဲတွင် မန်ချက်စတာမြို့ခံ ပြိုင်ဘက်နှစ်သင်းဖြစ်သည့် ပရီမီယာလိဂ်ချန်ပီယံ မန်ယူအသင်းနှင့် အက်ဖ်အေဖလားချန်ပီယံ မန်စီးတီးအသင်းတို့ ထိပ်တိုက်တွေ့ဆုံသည့် မန်ချက်စတာ ဒါဘီပွဲ ဖြစ်နေခြင်းကြောင့် ရန်ပုံငွေပွဲဖြစ်သည်ဟုဆိုသော်လည်း ပြိုင်ဆိုင်မှုက ပြင်းထန်လာဦးမည်ဖြစ်သည်။

အစဉ်အလာ

ဤကွန်မြူနတီဒိုင်းပွဲကို ၁၉၀၈-၁၉၀၉ ဘောလုံးရာသီက စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယင်းစတင်ကျင်းပသည့်နှစ်တွင် မန်ယူအသင်းက ဆွတ်ခူးနိုင်ခဲ့သည်။ လက်ရှိကွန်မြူနတီဒိုင်းကို ဆွတ်ခူးထားသည့် မန်ယူအသင်းသည် အဆိုပါဒိုင်းကို (၁၈)ကြိမ်ရယူပြီး စံချိန်တင်ထားသည်။ မန်စီးတီးအသင်းကမူ သုံးကြိမ်သာ ရယူထားနိုင်သည်။ မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့သည် ဤပြိုင်ပွဲတွင် ၁၉၅၆ ခုနှစ်က တစ်ကြိမ်ဆုံတွေ့ခဲ့ရာ မန်ယူက ဒင်းနစ်ဗိုက်လက်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရခဲ့သည်။

ဤနှစ်သင်း၏ လက်ရှိအနေအထားကို ကြည့်မည်ဆိုလျှင် မန်ယူအသင်းတွင် ဒက်ရာပြဿနာ နည်းပါးနေသည်။ ဂိုးသမားနေရာတွင် အသစ်ခေါ်ယူထားသည့် ဒေးဗစ်ဒီဂီယာကို ထုတ်သုံးဖွယ်ရှိနေပြီး နောက်တန်းကစားသမားများဖြစ်သည့် အီဗရာ၊ ဗီဒစ်၊ စမောလင်းနှင့် ဖေဘီယိုတို့မှာ စုဖွဲ့မှု အားကောင်းသည်။ ကွင်းလယ်တွင် ဝါရင့်ကစားသမားကြီးဂစ်ပါဝင်လာနိုင်သကဲ့သို့ ယခုနွေရာသီတွင်မှရောက်ရှိလာသည့် အက်ရှ်လေယန်းကို ပွဲထုတ်လာဖွယ်ရှိနေသည်။ တိုက်စစ်ပိုင်းတွင် မိုက်ကယ်အိုဝင်၊ ဘာဘာတော့ဗ်၊ ဟာနန်ဒက်ဇ်၊ ဝိန်းရွန်နေး၊ ဒီအော့ဖ်၊ မာချီဒါတို့အားလုံး ကြံ့ခိုင်မှုကောင်းနေကြသည်။

ရောဘတ်တိုမန်စီနီ ကိုင်တွယ်သည့် မန်စီးတီး၏ ဂိုးပေါက်ကို ဂျိုးဟတ်က တာဝန်ယူလာမည်ဖြစ်ပြီး နောက်တန်းတွင် ဝိန်းဘရက်ခ်ျ၊ လက်စကော့၊ ဇာဘလက်တာနှင့် ရစ်ချက်စ်တို့ကို ပွဲထုတ်လာဖွယ်ရှိနေသည်။ ကွင်းလယ်တွင် အဒမ်ဂျွန်ဆင်၊ ဂါရတ်ဘယ်ရီ၊ ယာယာတိုရေးနှင့် ဒီဂျုန်းတို့ကို မြင်တွေ့ရမည်ဖြစ်သည်။ မန်စီးတီးတွင် တိုက်စစ်မှူး အများအပြားရှိနေ၍ ဒီဇီကို၊ ဘာလော့တယ်လီ၊ ဆာဂျီယိုအဂူရို မည်သည့်တိုက်စစ်အတွဲ ထုတ်သုံးလာမည်ကို စောင့်ကြည့်ရမည်ဖြစ်သည်။

သုံးသပ်

နှစ်သင်းလုံးတွင် အားသာချက်၊ အားနည်းချက်များကိုယ်စီ ရှိနေကြသည်။ ဂိုးသမားပိုင်းတွင် မန်စီးတီးက သာမည်ဖြစ်သော်လည်း နောက်တန်းခံစစ်ပိုင်းတွင် မန်ယူက ပိုလုံခြုံမှုရှိသည်။ တိုက်စစ်ပိုင်းတွင် ညီမျှမှုရှိနိုင်သော်လည်း ကွင်းလယ်ပိုင်းတွင် မန်ယူ၏ တောင်ပံနှစ်ဖက်က ထိုးဖောက်မှုအားကောင်းသည်။ မိနစ် ၉၀ အတွင်း သရေကျနိုင်သော်လည်း နှစ်သင်းလုံး၏ပွဲကို မည်သည့်လူအခင်းအကျင်းဖြင့် ပွဲထွက်လာမည်ဆိုသည်ကို အဓိကစောင့်ကြည့်ရမည်ဖြစ်သည်။

ဟန်သစ်

ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) နည်းပြ/နည်းစနစ်သင်တန်းဖွင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၆

ရန်ကုန်အနောက်ပိုင်းခရိုင် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်း(အေရိုးဗစ်) နည်းပြ/နည်းစနစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီခွဲတွင် အလုံမြို့နယ်ခန်းမ၌ ကျင်းပသည်။

သရုပ်ပြကစား

အခမ်းအနားတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ပေးကာ ရန်ကုန်တိုင်းဒေသကြီး အေရိုးဗစ်အဖွဲ့က သရုပ်ပြကစားကြသည်။

ယင်းသင်တန်းသို့ သင်တန်းသူ ၃၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၆ ရက်မှ ၂၀ ရက်အထိ ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

၁။ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ အဆင့်နိမ့်အသားကျောက်ရောင်းချပွဲကို ဩဂုတ်လ(၁၂)ရက်နေ့မှ (၁၆)ရက်နေ့အထိ မဏိရတနာကျောက်စိမ်းခန်းမ(နေပြည်တော်)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီခွင့်ပြုမိန့်ရယူ၍ ကျောက်မျက်ရတနာများ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များနှင့် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ လိုင်စင်ရယူ၍ ကျောက်မျက်ရတနာများရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံသား ရတနာကုန်သည်များကို သတ်မှတ်ချက်များနှင့်အညီ ၂၀၁၁ ခုနှစ်၊ အဆင့်နိမ့်အသားကျောက်ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူခွင့်ပြုပါမည်။

၂။ ၂၀၁၁ ခုနှစ်၊ အဆင့်နိမ့်အသားကျောက်ရောင်းချပွဲကို မြန်မာကျပ်ငွေဖြင့်ရောင်းချသွားမည်ဖြစ်ပြီး တက်ရောက်ဝယ်ယူလိုသူ နိုင်ငံသားရတနာကုန်သည်များသည် ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ(၈)ရက်နေ့မှ(၁၂)ရက်နေ့အထိ မြန်မာ့ကျောက်မျက် ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင် ဖွင့်လှစ်ထားရှိသည့် စီမံရေးရာဆပ်ကော်မတီရုံးအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်နိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
သတင်းကြေညာချက်

နေပြည်တော်၊ ၁၃၇၃ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက်
၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၆ ရက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၁၁ ခုနှစ်၊ အဆင့်နိမ့်အသားကျောက်ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမ၌ ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၁၁ ခုနှစ်၊ အဆင့်နိမ့်အသားကျောက်ရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများကို တင်ဒါစနစ်ဖြင့် တင်ပြရောင်းချမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၀၁၁ ခုနှစ်၊ အသားကျောက်ရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများကို မြန်မာကျပ်ငွေဖြင့် ရောင်းချမည်ဖြစ်ပြီး နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက တင်ပြရောင်းချလိုသည့် ကျောက်စိမ်းအတွဲများကို ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့မှ ၉ ရက်နေ့အထိ စစ်ဆေးလက်ခံခြင်း၊ ခင်းကျင်းခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၃။ ၂၀၁၁ ခုနှစ်၊ အဆင့်နိမ့်အသားကျောက်ရောင်းချပွဲနှင့်ပတ်သက်၍ အသေးစိတ်သိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(နေပြည်တော်)၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရန်ကုန်ရုံးခွဲ)၊ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီး၊ မိုးညှင်း) မြို့များတွင် အခြေပြုသည့် ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ရေးဌာန(စခန်းရုံး)များနှင့် ဆက်သွယ်စုံစမ်းဆောင်ရွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ

စာ အုပ် စာ ပေ လူ့ မိတ် ဆွေ

ကျောင်းသားဗဟိုပြု သင်္ချာဘာသာရပ်(CCA) ဆင့်ပွားသင်တန်းဖွင့်

ရေစကြို ဩဂုတ် ၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပညာရေးဌာန၏ကျောင်းသားဗဟိုပြုသင်ကြားရေး သင်္ချာဘာသာရပ်ဆိုင်ရာ(CCA)ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၂ ရက် နံနက်က ရေစကြိုမြို့ အထက(၁) မြတ်မာခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအုန်းညွန့်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။

အဆိုပါသင်တန်းသို့ ပခုက္ကူပညာရေးကောလိပ်မှ ဘာသာရပ်ဆိုင်ရာ သင်တန်းနည်းပြဆရာများ၊ နယ်မြေမှူးများ ဖြစ်ကြသော အထက၊ အလက ကျောင်းအုပ်ကြီးများ၊ ကျောင်းမိသားစု ခေါင်းဆောင် ကျောင်းအုပ်ကြီးများ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၂ ရက်မှ ၅ ရက်အထိ ကြာမြင့်ခဲ့သည်။

သင်တန်းတက်ရောက်ခဲ့ကြသော နယ်မြေမှူးများ၊ ကျောင်းမိသားစုခေါင်းဆောင်များသည် သက်ဆိုင်ရာမိမိအုပ်စုများအလိုက် ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ (၃၇၄)

နာတာရှည်ရောဂါ ဝေဒနာရှင်များအား ထောက်ပံ့ပစ္စည်းပေးအပ်

ရန်ကုန် ဩဂုတ် ၆

ဒလမြို့နယ်အတွင်းရှိ နာတာရှည် ရောဂါဝေဒနာရှင်များအတွက် ပြည်သူလူထုအခြေပြု အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ဩဂုတ် ၅ ရက်က ဒလမြို့နယ် ပြည်သူ့ဆေးရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝေမာမာထွန်းက လုပ်ငန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျန်းမာရေးဦးစီးဌာန တာဝန်ရှိသူများသည် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့်အတူ နာတာရှည်ရောဂါ ဝေဒနာရှင်များအား အိမ်တိုင်ရာရောက် ဆေးဝါးနှင့် အာဟာရပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ (၆၁၁)

"ရန်ကုန် ဘုရားဖူးအဖွဲ့"

[illegible]

"ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့"

[illegible]

ဖုန်း- [illegible]

MIBC မြန်မာ-အိန္ဒိယစီးပွားရေးလုပ်ငန်းရှင်များအသင်းမှ ကြီးမှူးကျင်းပသော

(ISO)အရည်အသွေးစီမံခန့်ခွဲမှုစနစ်အတွက်

နိုင်ငံတကာစံနှုန်းအဖွဲ့ လက်မှတ်ပေးအပ်ခြင်းအတွက် နှီးနှောဖလှယ်ပွဲ

ကျင်းပမည့်ရက်	- ၁၄-၈-၂၀၁၁ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ	- Park Royal Hotel (Yangon)
ကျင်းပမည့်အချိန်	- မွန်းလွဲ ၂ နာရီမှ ၄ နာရီ
မှတ်ပုံတင်ရန်နောက်ဆုံးရက်	- ၁၁-၈-၂၀၁၁ ရက်
မှတ်ပုံတင်ရန်လိပ်စာ	- အမှတ်(၇၇)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ အီးမေးလ်:mibcyangon@gmail.com ဖုန်း-၀၉-၅၀၀၀၄၅၃၊ ၀၁-၂၄၅၂၀၁၊ ၂၄၅၃၂၇၊ ၃၈၅၁၅၂
မှတ်ပုံတင်ဝင်ကြေး	- အသင်းသားမဟုတ်သူများအတွက် ၁၀၀၀၀ိ/- အသင်းသားများအတွက် ၅၀၀၀ိ/-

ဂုဏ်ပြုဝမ်းမြောက်ကျေးဇူးတင်လွှာ

Myanmar Iwatani LPG Trading Co.,Ltd ၏ ကိုးနှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားအား(6.Aug.2011)တွင် Traders Hotel.,Myanmar Ballroom ၌ ကျင်းပခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် BOD အနေဖြင့် ဝန်ထမ်းများအား နှစ်စဉ်ဆုကြေးငွေများပေးအပ်ခြင်း၊ Special Award များ ချီးမြှင့်ခြင်း၊ အဖိုးတန်ပစ္စည်းများအား ကံစမ်းမဲဖောက်ပေးခြင်းနှင့် ပျော်ပွဲရွှင်ပွဲ ကျင်းပပေးခြင်းများအား ပြုလုပ်ပေးခဲ့ပါသည်။ ထိုကဲ့သို့ ဝန်ထမ်းများအပေါ် အလေးထား၍ နှစ်စဉ်ကုမ္ပဏီနှစ်ပတ်လည်ပွဲအား ခမ်းခမ်းနားနားကျင်းပပေးခြင်းအတွက် ဝန်ထမ်းများအနေဖြင့် လှိုက်လှိုက်လှဲလှဲ အထူးဂုဏ်ပြုဝမ်းမြောက်ကျေးဇူးတင်ကြောင်းနှင့် ကုမ္ပဏီကြီးဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပြီး အစွန့်ရှည်တည်တံ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဝန်ထမ်းများ

Myanmar Iwatani LPG Trading Co.,Ltd

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

တောင်ငူမြို့နေ(ဦးစောဝင်း)-ဒေါ်တင်တင်ရီတို့၏သားလတ်

မောင်ကျော်ဇေယျာထွန်း B.Sc (Physics)

နှင့်

ရန်ကုန်မြို့နေ ဦးမြင့်သိန်း(ဌာနစိတ်မှူး-MPPE)-ဒေါ်မြင့်မြင့်သွင်တို့၏သမီးလတ်

မထက်ဝေဝေ B.A (English)

Assistant Manager-SGS(Myanmar)Limited

တို့သည် ၃-၈-၂၀၁၁ ရက်(ဗုဒ္ဓဟူးနေ့)တွင် Sky Bistro(Sakura Tower)၌ နှစ်ဖက်မိဘများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၏ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ကျော်ဇေယျာထွန်း-မထက်ဝေဝေ

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခင်ဦးမြို့နယ် မြို့မဈေး၊ ကျောင်း၊ ရပ်ကွက်များအတွင်း ခြင်ဆေးဖျန်းခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၅ ရက်က ဆောင်ရွက်ရာ မြို့နယ်မိခင်/ကလေး ဥက္ကဋ္ဌ ဒေါ်ခင်ဖြူဝင်း၊ အမှုဆောင်အရာရှိ ဦးချစ်ငွေနှင့်အဖွဲ့များ စုပေါင်းဆောင်ရွက်ကြစဉ်။ (၅၇၃)

စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်ကျော်မျိုး၊ အမှုဆောင်အရာရှိ ဦးမျိုးသန့်ခိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်နေလင်းတို့ တမူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် မြို့ပြလမ်းဖြစ်သော ဓမ္မဂုဏ်ရည်လမ်း ကတ္တရာခင်းကျင်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

တောင်ကြီး စစ်မှုထမ်းဟောင်းအဖွဲ့ ထောက်ပံ့ကြေး ပေးအပ်

တောင်ကြီး ဩဂုတ် ၆

ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့၏ ၂၀၁၀-၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများ ဂုဏ်ပြုခြင်းနှင့် အသက်(၇၀)အထက် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ထောက်ပံ့ခြင်းအခမ်းအနားကို ဇူလိုင် ၂၁ ရက် မွန်းတည့် ၁၂ နာရီက အေးသာယာမြို့ စစ်မှုထမ်းဟောင်းအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အသက် (၇၀)အထက် သက်ကြီးစစ်မှုထမ်းဟောင်း ၄၁ဦး၊ ၂၀၁၀-၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူ ရှစ်ဦး၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပညာသင်ကြားနေကြသည့် အဖွဲ့ဝင် သား၊ သမီးများအား ဂုဏ်ပြုချီးမြှင့်ငွေများကို ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ပေးအပ်ကြသည်။ (ကြေးမုံ)

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။

❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**
- ☆ RFA, DVB - **သွေးထိုးနေသည်။**
- ☆ **ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများကို တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ စနစ်သစ်နှင့်အညီ လျင်မြန်စွာထုတ်ပေး ပြည်သူနှင့် ဆက်ဆံရာတွင် ဝန်ထမ်းကောင်းပီသစွာပြောဆိုပြီး လာဘ်ပေးလာဘ်ယူ မှုကင်းရှင်းစွာဆောင်ရွက်

နေပြည်တော် ဩဂုတ် ၆

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာ တွေ့ဆုံမှာကြားခြင်း အခမ်းအနားကို ဩဂုတ် ၅ ရက် ညနေ ၄ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ယခုဆောင်ရွက်လျက်ရှိသော အိမ်ထောင်စု လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်း လုပ်ငန်းစီမံချက်သည် မိမိတို့ဝန်ကြီးဌာန၏ အဓိကလုပ်ငန်းတာဝန်ကြီး(၃)ရပ်အနက်မှ (၁)ရပ်ကို ထိထိရောက်ရောက် အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများကို ယခင်ကတည်းက ဆောင်ရွက်နေသည်မှာမှန်သော်လည်း ယခုအခါ ဖြေလျှော့ပေးသောစနစ်သစ်နှင့်အညီ လွယ်ကူလျင်မြန်အောင် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်းကို ဝန်ထမ်းတိုင်း သိရှိနားလည်ပြီး အထူးအလေးအနက်ထား ဆောင်ရွက်ကြရန်လိုကြောင်း။

ယင်းကဲ့သို့ ဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြစ်စေရေးအတွက်လည်း စနစ်တကျ ဂရုပြုဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊

စာမျက်နှာ ၉ ကော်လံ ၇ သို့ ✳

ဝေလငါးနှင့် သင်္ဘောတိုက်မိမှုမရှိရေး သိပ္ပံပညာရှင်များ နည်းလမ်းရှာဖွေ

နေပြည်တော် ဩဂုတ် ၆

ဝေလငါးသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ငါးသိုင်းချောင်းမြို့တွင် ၁၁၆၃ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၃၃ စင်တီမီတာ(တစ်ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၁၃၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

အဏ္ဏဝါသိပ္ပံသတင်း | ဘာသာပြန် သတင်းလုလင်

ဝေလငါးနှင့် သင်္ဘောတိုက်မိမှုမရှိရေး သိပ္ပံပညာရှင်များ နည်းလမ်းရှာဖွေ

ဝါရှင်တန် ဩဂုတ် ၆

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ်၌ ခုတ်မောင်းသွားလာနေသောသင်္ဘောများနှင့် တိုက်မိရာမှ သေဆုံးရသည့် ဝေလငါးအရေအတွက်မှာ တစ်နှစ်လျှင် ခြောက်ကောင်ခန့်ရှိကြောင်း ပင်လယ်သမုဒ္ဒရာလေ့လာရေး သိပ္ပံပညာရှင်များ၏ လေ့လာချက်တစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန် ပင်လယ်သမုဒ္ဒရာနှင့် ကမ္ဘာ့လေထုလွှာလေ့လာရေးအဖွဲ့မှ သိပ္ပံပညာရှင်များသည် ဝေလငါးများနှင့် သင်္ဘောများ တိုက်မိခြင်းမှ ရှောင်လွှဲနိုင်ရန် နည်းလမ်းများ ရှာဖွေလျက်ရှိသည်။

ကုန်သေတ္တာတင်သင်္ဘောများ၊ ငါးဖမ်းသင်္ဘောများ၊ ဖောင်များ၊ ရွက်လှေကြီးများနှင့် ဝေလငါးများ တိုက်မိမှုမရှိစေရေးအတွက် ဝေလငါးများ၏ လှုပ်ရှားသွားလာပုံ သဘောသဘာဝကို ပိုမိုသိရှိနိုင်ရန် သိပ္ပံပညာရှင်များ ကွင်းဆင်းလေ့လာလျက်ရှိကြသည်။

စာမျက်နှာ ၇ ကော်လံ ၄ သို့ ✤

ခရီးသည်တင် သင်္ဘောတစ်စင်းနှင့် တိုက်မိသော ဝေလငါးတစ်ကောင်ကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*